ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ဆေးစစ်ရန်။ ဦးတင်ဝင်း၊ မကွေး(၈)၊ ဆေးရုံဖွင့်ပွဲတက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ မိသားစုကျန်းမာရေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၄)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငှင်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ငှင်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငှင်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ငှင်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငှင်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ငှင်းအတိုင်း။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ မိခင်ကျန်းမာရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဖခင်ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီး ဌာန(၄)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် ကျောက်စစ်ချောင်းကူး သံကြိုးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် ကျောက်စစ်ချောင်းကူး သံကြိုးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောမြို့နယ်ဒေသအချို့နဲ့၊ ကန်ပက်လက်မြို့နယ် ဒေသအချို့ ရာသီမရွေး သွားလာမှု လွယ်ကူစေရန်အတွက် ကျောက်စစ်ချောင်း ကြိုးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ငုံလောင်းကျေးရွာအုပ်စု လက်မွန်းရွာနဲ့ မကွေးတိုင်းဒေသကြီး ဆောမြို့နယ် လက်မွန်ကျေးရွာအုပ်စု လက်မွန်ရွာဟာ ကျောက်စစ်ချောင်းရိုးတစ်လျှောက်မှာ ဆက်စပ်ပြီးတော့မှ တည်ရှိပါတယ်။ တည်ရှိတဲ့အခါမှာ ဒီကျောက်စစ်ချောင်းရိုးရဲ့အနေအထားအရ မိုးရာသီ ရေကြီးချိန်၊ ရေလျှံချိန်မှာ လမ်းပန်းဆက်သွယ်ရေး အင်မတန်မှ ခက်ခဲပြီးတော့ သွားလာမရဖြစ်နေပါတယ်။ ဒီအချိန်မှာ နောက်ပိုင်းမှာ ဆိုင်ကယ်လမ်းတွေလည်းပဲ ရွာချင်းဆက်၊ တိုင်းဒေသနဲ့ ပြည်နယ်ဒေသ ဆက်စပ်ပြီးတော့မှ ရွာချင်းဆက် ဆိုင်ကယ်လမ်းလည်း ဖောက်ပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ချောင်းတံတားဟာ အင်မတန်မှ လိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့် ဒီချောင်းတံတားဟာ သွယ်ပေးနိုင်မယ်၊ နိုင်ငံတော်အစိုးရအနေနဲ့၊ ပြည်ထောင်စုအစိုးရအနေနဲ့ သွယ်ပေးနိုင်မယ်ဆိုလို့ရှိရင် ဒေသခံများအတွက် များစွာ ထိရောက် အကျိုးပြုမှာဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ ဒီကျောက်စစ်ချောင်း ကြိုးတံတား၊ အထူးသဖြင့် ချောင်းပြင်ရဲ့အကျယ် ပေ(၃၀၀)လောက်ရှိတဲ့ ကျောက်စစ်ချောင်း ကြိုးတံတားကို ပြည်ထောင်စုအစိုးရအနေနဲ့ သွယ်ပေးဖို့ရာအတွက် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဒေသခံများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တအောင်း (ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို ဖြတ်သန်းသော မူဆယ်နှင့်ကျောက်မဲ ခရိုင်ချင်းဆက် လမ်းဟောင်း မြေနီလမ်းကို စံချိန်စံညွှန်းမီ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် က တအောင်း (ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖြတ်သန်းသော မူဆယ်နှင့်ကျောက်မဲ ခရိုင်ချင်း ဆက်လမ်း ဟောင်း မြေနီလမ်းကို စံချိန်စံညွှန်းမီ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ တိုင်းနဲ့ ပြည်နယ် အသီးသီးကနေပြီးတော့ ရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါ လို့ ရှေးဦးစွာပဏာမ နှုတ်ခွန်းဆက်သပြီးတော့၊ အားလုံးပဲ ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသော သုခ အပေါင်းနဲ့ ထာဝစဉ် ပြည့်စုံခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။

ဒီကနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမယ့် မေးခွန်း ကတော့ တအောင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖြတ်သန်းသွားတဲ့ ခရိုင်ချင်းဆက် လမ်းဟောင်းတစ်ကြောလုံးကို ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မူဆယ်ခရိုင်အတွင်းရှိ နမ့်ခမ်းမြို့မှ မိုင်းဝီးသို့ (၂၈)မိုင် ကွာဝေးပါတယ်။ မိုင်းဝီးကနေပြီးတော့ တအောင်း(ပလောင်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိတဲ့ မန်တုံမြို့ကို (၅၆.၆)မိုင် ကွာဝေးပါတယ်။ မန့်တုံမြို့ကနေပြီးတော့ နမ့်ဆန်မြို့သို့ (၃၉)မိုင် ကွာဝေးပါတယ်။ နောက်ပြီး နမ့်ဆန်မြို့ကနေပြီးတော့ ကျောက်မဲခရိုင်အတွင်းမှာ ရှိတဲ့ မိုင်းငေါ့မြို့ကို သွားတဲ့အခါမှာ (၄၅)မိုင် ကွာဝေးပါတယ်။ မိုင်းငေါ့မြို့ကနေပြီးတော့ ကျောက်မဲမြို့သို့ (၃၁)မိုင် ကွာဝေးပါတယ်။ အဲဒီတော့ စုစုပေါင်း (၁၉၉.၆)မိုင် ရှည်လျားတဲ့ ဒီလမ်းဟောင်းကြီးဟာ နမ့်ခမ်းမြို့ကနေပြီးတော့ ကျောက်မဲမြို့သို့ သို့မဟုတ် ကျောက်မဲမြို့မှ နမ့်ခမ်းမြို့သို့ အပြန်အလှန် ကုန်စည် ကူးသန်းရောင်းဝယ်ဖောက်ကား ပို့ဆောင်ဆက်သွယ်ရာ၌ အသုံးပြုလျက်ရှိတဲ့ မြေနီလမ်းဟောင်း တစ်ကြောကြီး ဖြစ်ပါတယ်။

သို့သော်လည်းပဲ အဲဒီမြေနီလမ်းကြောဟာ နမ့်ခမ်းမြို့ကနေပြီးတော့ ကျောက်မဲမြို့သို့ သို့မဟုတ် ကျောက်မဲမြို့ကနေ နမ့်ခမ်းမြို့သို့ အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကား ပို့ဆောင် ဆက်သွယ်ရာ၌ အသုံးပြုလျက်ရှိတဲ့ မြေနီလမ်းကြောင်း ဖြစ်တယ်လို့ ဆိုသော်ငြားလည်းပဲ အများပြည်သူတို့ရဲ့ အသုံးပြုရန်အတွက် အံဝင်ဂွင်ကျ (In Line)အဖြစ် ရပ်တည်နေခြင်းမရှိဘဲ ဝိသမ လောဘ စီးပွားရေးလုပ်ငန်းရှင်များအတွက် သစ်မှောင်ခို ခိုးထုတ်ရာတွင် အသုံးပြုသောလမ်း၊

မူးယစ်ရာဇာများအတွက် မူးယစ်ဆေးဝါးအမျိုးမျိုး ရောင်းဝယ်ဖောက်ကား ဆက်သွယ်ရာတွင် အသုံးပြုသော လမ်းအဖြစ် လူနည်းစု တစ်စုစာအတွက်သာ အံဝင်ဂွင်ကျ (In Line)အဖြစ် ရပ်တည်ခဲ့၊ ရပ်တည်နေဆဲ ဖြစ်ပါတယ်။

ထိုလမ်းအား နိုင်ငံတော်အတွက်၊ ပြည်သူတို့အတွက် အံဝင်ဂွင်ကျ (In Line) ဖြစ်လာစေရန် ပြည်ထောင်စုအစိုးရမှ သို့မဟုတ် ပြည်နယ်အစိုးရမှ သို့မဟုတ် BOT စနစ်နှင့် ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးမည်ဆိုရင် (က) နမ့်ခမ်းမြို့နဲ့ ကျောက်မဲမြို့အကြားမှာရှိတဲ့ မိုင်းဝီး၊ မန်တုံ၊ နမ့်ဆန်၊ မိုင်းငေါ့မြို့များ ဖွံ့ဖြိုးတိုးတက်စည်းကားလာမှာ ဖြစ်ပါတယ်။ (ခ) ဒေသခံတိုင်းရင်းသားများနှင့် ရပ်ဝေးရပ်နီးမှလာတဲ့ တိုင်းရင်းသားများအားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန် အချိန်နှင့်တစ်ပြေးညီ မြန်ဆန်လာပါမယ်။ (ဂ) အထက်ဖော်ပြပါ ဝိသမလောဘသားများအတွက် သစ်မှောင်ခို ခိုးထုတ်ခြင်းများ၊ ဒီမိုကရေစီအစိုးရအား စိန်ခေါ်မှု တစ်ရပ်အနေဖြင့် ရပ်တည်နေသော မူးယစ်ရာဇာများအတွက် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းမှ ဆိတ်သုဉ်းသွားနိုင်ခြင်း ဖြစ်ပါတယ်။ အသိဉာဏ်နည်းပါးတဲ့ ပြည်သူများအတွက်လည်း မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ကင်းစင်ပပျောက်လာနိုင်ခြင်း ဖြစ်ပါမယ်။ (ဃ) တိုင်းရင်းသားများအချင်းချင်း လွယ်လင့်တကူ ကူးသန်းရောင်းဝယ် ဆက်သွယ်နိုင်ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲလာစေနိုင်ခြင်းများ ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နဲ့ လူမျိုးအတွက် ထိုရရှိလာမယ့် အကျိုးကျေးဇူးများကို မျှော်ကိုးပြီးတော့ အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ (က) တအာင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖြတ်သန်းလျက်ရှိတဲ့ မူဆယ်ခရိုင်နဲ့ ကျောက်မဲခရိုင် ခရိုင်ချင်းဆက် လမ်းဟောင်း မြေနီလမ်းကို စံချိန်စံညွှန်းမီ ကတ္တရာလမ်းဖြစ်သွားအောင် ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးမည့် အစီအစဉ် ရှိ/မရှိ။ (ခ) ထိုလမ်းအား ပြန်လည်ပြုပြင် အဆင့်မြှင်တင်ပေးမည်ဆိုလျှင် မည်သည့် အချိန်အခါ၌ စတင်ပြီး ပြန်လည်ပြုပြင် အဆင့်မြှင်တင်ပေးမည် ဖြစ်ကြောင်းကို သိရှိလိုပါသဖြင့် အများပြည်သူတစ်ရပ်လုံး၏ လိုလားချက်နှင့် မျှော်လင့်ချက်တို့အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လောင်းလုံမြို့ (က)ရပ်ကွက်နှင့် (ခ)ရပ်ကွက်တို့ကို ပိုင်းခြားဖြတ်သန်း စီးဆင်းနေသော လောင်းလုံချောင်းကြီးတွင် အောင်ချမ်းသာတံတားမှ ပြင်းထိန်တံတားအထိ အပိုင်းကို ရေကာတာ တံတိုင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့် က လောင်းလုံမြို့ (က)ရပ်ကွက်နှင့် (ခ)ရပ်ကွက်တို့ကို ပိုင်းခြားဖြတ်သန်း စီးဆင်းနေသော လောင်းလုံချောင်းကြီးတွင် အောင်ချမ်းသာတံတားမှ ပြင်းထိန်တံတားအထိ အပိုင်းကို ရေကာတာတံတိုင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ လောင်းလုံမြို့ပေါ်ရှိ လောင်းလုံချောင်းမှာ လိုအပ်နေတဲ့နေရာမှာ ရေကာတာတံတိုင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လောင်းလုံမြို့ဟာ မြန်မာနိုင်ငံမှာ မိုးအများဆုံး ရွာတဲ့ မြို့ဖြစ်ပါတယ်။ နှစ်စဉ် မိုးရေချိန်လက်မ (၁၈၀)နဲ့ (၂၀၀) လက်မကြား ရွာသွန်းတတ်ပါတယ်။ တစ်ခါတစ်ရံ ၂၀၀ လက်မပင် ကျော်လွန် ရွာသွန်းတဲ့ နှစ်များလည်း ရှိပါတယ်။ ယခုနှစ်မိုးရေချိန်ကိုကြည့်ရင် တစ်ရက်တည်းမှာပင် (၁၀.၅၈) လက်မ ရွာသွန်းသွားခဲ့တာကို တွေ့ရပါတယ်။ မိုးများတဲ့အတွက် မိုးရာသီမှာ ချောင်းမြောင်းများဟာ ရေပြည့်ရေလျှံပြီး ချောင်းကို ကျော်ကာ လမ်းများ ပျက်စီးခြင်းတို့ကို ကြုံကြရပါတယ်။ ယခု ကျွန်တော်တင်ပြတဲ့ ချောင်းဟာ လောင်းလုံမြို့လယ်ကိုဖြတ်ပြီး (က)ရပ်ကွက်နဲ့ (ခ)ရပ်ကွက်တို့ကို ပိုင်းခြားထားတဲ့ ချောင်းပဲ ဖြစ်ပါတယ်။ (က)ရပ်ကွက်မှာရှိတဲ့ မိတ်ဆက်လမ်းဟာ ပြင်းထိန်ရွာကို သွားတဲ့လမ်းဖြစ်ပြီး ချောင်းနှင့်အပြိုင် တည်ရှိနေတဲ့ ကတ္တရာခင်းလမ်း ဖြစ်ပါတယ်။ ၎င်းကတ္တရာခင်းလမ်းရဲ့ တစ်ဖက်မှာ အိမ်တန်းရှိပြီးတော့ တစ်ဖက်မှာ ချောင်းနှင့်ကပ်လျက် ရှိနေပါတယ်။ ချောင်းနှင့်လမ်းဟာ ကပ်လျက်တည်ရှိပြီးတော့ မိုးတွင်းအခါမှာ ချောင်းရေလျှံပြီး မြေသားကမ်းအား တိုက်စားကာ လမ်းများ ကျိုးပြတ်ခြင်းများကို နှစ်စဉ် ကြုံကြရပါတယ်။ နှစ်စဉ်ပျက်၊ နှစ်စဉ်ပြင်နေကြရပါတယ်။ ရေရှည်မှာ လမ်းတစ်ခုလုံးပင် ရေတိုက်စားရာတွင် ပါသွားနိုင်တဲ့ အခြေအနေမျိုး ကြုံတွေ့နိုင်ပါတယ်။

ယခုတင်ပြတဲ့ အောင်ချမ်းသာတံတားမှ ပြင်းထိန်တံတားအထိ အပိုင်းဟာ လမ်းနှင့်ချောင်းအပြိုင်ကပ်လျက်ရှိပြီး ရေတိုက်စားနိုင်တဲ့အပိုင်း ဖြစ်ပါတယ်။ ပေ ၈၀၀ ကျော်ခန့် ရှိမည် ဖြစ်ပါတယ်။ ၎င်းအပိုင်းကို ခိုင်မာတဲ့ ကျောက်စီမြေထိန်းနံရံ ရေကာတာတံတိုင်း ပြုလုပ်မှသာ ရေကျော်လျှင်တောင်မှ လမ်းအပိုင်းမပျက်စီးဘဲ ကျန်နေမည် ဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်အဖွဲ့၊ အထောက်အကူပြုအဖွဲ့များနှင့်ညှိနှိုင်းပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေ၊ လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေများနဲ့ ပြုလုပ်ရန် ကြိုးစားကြံစည်ကြပါတယ်။ သို့သော်လည်းပဲ အင်ဂျင်နီယာရဲ့ တွက်ချက်မှုအရ (၇၀၈.၈၀) သိန်းကုန်ကျမှာ ဖြစ်တဲ့အတွက်၊ ငွေ Amount များလှသည့်အတွက်ကြောင့် ပြည်ထောင်စုအဆင့်သို့ အခုလို တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

သို့ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ (က)ရပ်ကွက်နဲ့ (ခ)ရပ်ကွက်တို့ကို ပိုင်းခြားဖြတ်သန်းစီးဆင်းနေသော လောင်းလုံချောင်းကြီးတွင် အောင်ချမ်းသာတံတားမှ ပြင်းထိန်တံတားအထိ အပိုင်းကို ရေကာတာတံတိုင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (ခ) မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာ(၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်ကို ရာသီမရွေး ဆက်သွယ်သွားလာနိုင်တဲ့ သံကြိုးတံတား တည်ဆောက်ပေးနိုင်ရေးအတွက်ကို ပြည်ထောင်စုအစိုးရမှာ အစီအစဉ်ရှိ/မရှိ နဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကန်ပက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ် ရာသီမရွေး ဆက်သွယ်သွားလာနိုင်တဲ့ သံကြိုးတံတား တည်ဆောက်ပေးရန် လျာထားဆောင်ရွက်ခြင်း မရှိကြောင်းနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကန်ပက်လက်မြို့နယ်၊ ငုံလောင်းအုပ်စု၊ လက်မွန်ကျေးရွာမှာ အရှည်ပေ(၃၀၀)၊ အကျယ်(၆)ပေနဲ့ ကျောက်စီချောင်း သံကြိုးတံတားကို ကျပ်သိန်း(၁၅၀)ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ နမ့်ခမ်း - မုံးဝီးလမ်းဟာ (၂၈)မိုင် အရှည်ရှိပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ (၁၃၇.၈၅) သန်းဖြင့် (၃) ပေ Box Culvert (၁၂)စင်း၊ (၂)ပေ Box ရေပွင့် (၂၀)စင်း၊ ကျောက်ရောမြေခင်းလမ်း (၁)မိုင်နှင့် သာမန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (၈၂၆.၁၀) သန်းဖြင့် ကတ္တရာလမ်းသစ် ခင်းခြင်း (၂)မိုင် (၁)ဖာလုံ၊ မြေသားလမ်းချဲ့ခြင်း (၂)မိုင်၊ မြေသားတာဘောင်တင်ခြင်း (၇)ဖာလုံ၊ (၃)ပေ Box Culvert (၁၅)စင်းနဲ့ ကျောက်စီရေမြောင်း (၂၁၀၀) ပေ၊ ကျောက်စီမြေကာရံ (၅၄၈၀) ပေ နဲ့ အထူး/ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပါတယ်။

မန်တုံ-မုံးဝီးလမ်းဟာ (၅၈)မိုင်အရှည်ရှိပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေ(၂၃.၀၀)သန်းနဲ့ သာမန်ပြင်ဆင် ထိန်းသိမ်းထားခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(၈၀၂.၁၅)သန်းဖြင့် ကတ္တရာ

လမ်းချဲ့ခြင်း (၄)ဖာလုံ၊ အမာခံလမ်းခင်းခြင်း (၉)မိုင် (၄)ဖာလုံ၊ ၅ ပေ Box Culvert (၉)စင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းထားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါတယ်။

မန်တုံ-နမ့်ဆန်လမ်းဟာ (၃၇)မိုင်အရှည်ရှိပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (၁၂၁၆.၂၄၅)သန်းနဲ့ ကတ္တရာလမ်းသစ်ခင်းခြင်း (၅)မိုင် (၆)ဖာလုံ၊ ဒု-အခြေခံလွှာဒုတိယထပ်ခင်းခြင်း(၅)မိုင် (၆)ဖာလုံ၊ မြေသားလမ်းချဲ့ခြင်း (၁)မိုင် (၁)ဖာလုံ၊ (၂) ပေ ရေပြွန်(၄၈)စင်းနဲ့ (၅) ပေ Box Culvert (၅) စင်း၊ (၂၀)ပေ RC တံတား(၂)စင်း၊ ကျောက်စီရေမြောင်း(၁၂၈၅)ပေ နဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ(၂၆၉၀.၉)သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း (၁၅)မိုင် (၆)ဖာလုံ၊ မြေသားတာဘောင် တင်ခြင်း(၂)ဖာလုံ၊ ဖြုံးဖြင့် လမ်းပြုပြင်ခြင်း (၁၅)မိုင်၊ ကျောက်စီရေမြောင်း (၁၃၀၀၀)ပေ၊ ကျောက်စီ မြေထိန်းနံရံ(၄၇၀)ပေ၊ (၂၀)ပေ RC တံတား (၁)စင်းနဲ့ (၅)ပေ Box Culvert (၁)စင်း၊ ကီလိုမီတာ တိုင်စိုက်ထူခြင်း (၅၉)တိုင်နဲ့ ကာကွယ်တိုင်စိုက်ထူခြင်း (၃၅၀)တိုင်နှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပါတယ်။

ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း ဟာ (၇၅)မိုင် (၁)ဖာလုံ အရှည်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (၃၉၈.၅၃၁)သန်းနဲ့ မြေသားလမ်းချဲ့ခြင်း(၉၇၀၀၀)ကျင်း၊ ကျောက်တောင် မိုင်းခွဲလမ်းချဲ့ခြင်း (၉၇၅၀)ကျင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း (၁)မိုင်နဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (၁၁၉၈.၈၄)သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း (၅)မိုင်၊ ကျောက်တောင် လမ်းချဲ့ခြင်း (၅)မိုင် (၅)ဖာလုံ၊ မြေသားလမ်းချဲ့ခြင်း (၉)မိုင် (၂)ဖာလုံ၊ ၅ ပေ Box Culvert (၅)စင်းနှင့် ကီလိုမီတာတိုင်စိုက်ထူခြင်း(၆၇)တိုင် လုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ (က)ရပ်ကွက်နှင့် (ခ)ရပ်ကွက် ပိုင်းခြားဖြတ်သန်း စီးဆင်းနေတဲ့ လောင်းလုံချောင်းကြီးမှာ အောင်ချမ်းသာ တံတားမှ ပြင်းထိန်တံတားအထိ အပိုင်းကို ရေကာတာတံတိုင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့ လောင်းလုံချောင်းဟာ ပျမ်းမျှအကျယ်(၄၀)ပေခန့်ရှိပြီးတော့ (က)ရပ်ကွက်နှင့်(ခ)ရပ်ကွက် ပိုင်းခြားဖြတ်သန်းစီးဆင်းနေတဲ့ ချောင်းတစ်ချောင်း ဖြစ်ပါတယ်။

လောင်းလုံမြို့ဟာ မိုးရေချိန်များတဲ့ မြို့တစ်မြို့ဖြစ်သဖြင့် မိုးရာသီ မိုးများချိန်တွင် အဆိုပါချောင်းအတွင်းမှာ အရှိန်အဟုန်ဖြင့် ဖြတ်သန်းစီးဆင်းလာသော မိုးရေများကြောင့် ချောင်းကမ်းပါးများ အနည်းငယ်တိုက်စားခံရကာ ချောင်းရေလျှံ၍ ကားလမ်းဘက်သို့ တစ်ခါတစ်ရံ ရေကျော်ဝင်ရောက်တတ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများအရ လောင်းလုံချောင်းဟာ (က)ရပ်ကွက်နှင့် (ခ)ရပ်ကွက်ကို ဖြတ်၍ တည်ဆောက်ထားတဲ့ အရှည်(၃၀)ပေ၊ အကျယ်(၁၄)ပေခန့်ရှိ အောင်ချမ်းသာ တံတားနှင့် ပြင်းထိန်တံတားတို့ကို အခိုင်အမာ တည်ဆောက်ထားကြောင်း တွေ့ရှိရပြီး အဆိုပါတံတားရဲ့

အမြင့်မှာ ချောင်းကြမ်းပြင်မှ (၈)ပေခန့်ရှိပါတယ်။ အချို့နေရာတွင် ချောင်းကမ်းပါး များမှာ နိမ့်နေပြီး ချောင်းအတွင်းမှာ အမှိုက်သရိုက်များ၊ ဒိုက်များ တွေ့ရှိရပါတယ်။

အဆိုပါ ချောင်းအတွင်းမှာ အမှိုက်သရိုက်များ၊ ဒိုက်များကြောင့် ရေစီးနှုန်းကို အဟန့်အတား ဖြစ်ကာ ချောင်းရေလျှံခြင်းနှင့် ချောင်းကမ်းပါး မြေသားများတိုက်စားခံရကြောင်း တွေ့ရှိရပါတယ်။ ချောင်းအတွင်း ရေစီးရေလာကောင်းမွန်အောင် ချောင်းအတွင်းမှာရှိတဲ့ အမှိုက်သရိုက်များ၊ ဒိုက်များအား ဖယ်ရှားပြီး နိမ့်နေသော ချောင်းကမ်းပါးများအား မြေသားတာဘောင်များ မြှင့်တင်ပေခြင်းဖြင့် ကမ်းပါး ရေလျှံမှုကို များစွာသက်သာစေမည်ဖြစ်ပါတယ်။

လောင်းလုံချောင်းအတွင်းမှာရှိတဲ့ အောင်ချမ်းသာတံတားမှ ပြင်းထိန်တံတားအထိ အပိုင်းကို ခိုင်မာတဲ့ ကျောက်စီမြေထိန်းနံရံ (ရေကာတာတံတိုင်း) တည်ဆောက်ပေးရုံဖြင့် မလုံလောက်သေးကြောင်း စိစစ် တွေ့ရှိရပြီးတော့ အချို့သော မြေနိမ့်ပိုင်းချောင်းကမ်းပါးများမှ ချောင်းရေများ ဖြတ်ကျော်ဝင်ရောက် နိုင်တဲ့အတွက်ကြောင့် အဆိုပါ ချောင်းကမ်းပါးနိမ့်နေရာများ၌လည်း ရေကာတာတံတိုင်း ဆောင်ရွက်ပေး ရန် လိုအပ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့ (က)ရပ်ကွက်နှင့် (ခ)ရပ်ကွက်အား ပိုင်းခြားဖြတ်သန်း စီးဆင်းနေတဲ့ လောင်းလုံချောင်းကြီးမှာ အောင်ချမ်းသာတံတားမှ ပြင်းထိန်တံတားအထိ အပိုင်းကို ခိုင်မာတဲ့ ကျောက်စီမြေထိန်းနံရံ (ရေကာတာတံတိုင်း) ဆောင်ရွက်ပါက အဆိုပါ အပိုင်း အတွက်သာ ကာကွယ်ရာရောက်မည် ဖြစ်သဖြင့် လိုအပ်သောနေရာ များ၌ပါ ရေကာတာတံတိုင်းများ ဆောင်ရွက်သွားသင့်ပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ချောင်းအတွင်း ရေစီးရေလာ ကောင်းအောင်ဆောင်ရွက်ခြင်း၊ မြေနိမ့်ပိုင်းချောင်းကမ်းပါးများကို မြေသားတာဘောင်များ မြှင့်တင် ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများ ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေး များကို ပေးလျော်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး က ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာ ကြေးများကို ပေးလျော်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများကို ပေးလျော်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ကျွန်တော်တို့ (၁၁)ကြိမ်မြောက် အစည်းအဝေးမှာ ကျွန်တော် တင်ပြခဲ့ပါတယ်။ ဒီမေးခွန်း ဖြစ်ပေါ်လာရတဲ့ အကြောင်းအရင်းကို ပြန်လည်ပြီးတော့ တင်ပြခွင့်ပြုပါလို့ ပန်ကြားအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးတဲ့ လယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူတွေနစ်နာမှု မရှိစေရေး၊ စုံစမ်းရေးကော်မရှင်ကနေပြီးတော့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ကော်မရှင်အစီရင်ခံစာ အပိုင်း(၃)ကို တင်သွင်းခဲ့ပါတယ်။ ဒီအစီရင်ခံစာ အပိုင်း(၃)မှာ နိုင်ငံတော်ရဲ့ စီမံကိန်းဖြစ်တဲ့ ရထားလမ်းတွေ၊ ကားလမ်းတွေ၊ လေယာဉ်ကွင်းတွေ တည်ဆောက်တဲ့နေရာမှာ သိမ်းဆည်းမှုများကြောင့် ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ(၃) ကနေပြီးတော့ ဒိုက်ဦးမြို့နယ်၊ ကျောက်တံခါးမြို့နယ်နဲ့ ဖြူးမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များကို ကွင်းဆင်းတဲ့အခါမှာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ တောင်သူပေါင်း(၁၀၄၆)ဦးရဲ့ အိမ်ခြံမြေ အပါအဝင် လယ်ယာမြေ စုစုပေါင်း (၂၃၈၂.၅၇) ဧကရှိခဲ့ကြောင်း ဒီစီမံကိန်းမှာ ပြီးပြတ်ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ နစ်နာတဲ့ လယ်သမားများကို သင့်လျော်သော လျော်ကြေး၊ နစ်နာကြေးများ၊ အခြားထောက်ပံ့မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော် ဘတ်ဂျက်တွင် တင်ပြတောင်းခံပေးပြီး နစ်နာသူတောင်သူများကို ပေးလျော်သင့်ကြောင်း အစီရင်ခံစာမှာ သုံးသပ်တင်ပြထားပါတယ်။

ဒီ အစီရင်ခံစာအရ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပဲခူးတိုင်းဒေသကြီးမှာ ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားခဲ့သော တောင်သူများကို နစ်နာကြေး ပေးလျော်ခဲ့တာကို သိရှိရတဲ့အတွက် နစ်နာသူ တောင်သူလယ်သမားများအတွက် များစွာဝမ်းမြောက်မိပါတယ်။ သို့သော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပေးလျော်ရာမှာ ဒီ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ ကော်မရှင်ရဲ့ စစ်ဆေးတဲ့ အပိုင်းလေးကိုသာလျှင် ကျွန်တော်တို့ ပေးလျော်ခဲ့တယ်ဆိုတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ တကယ်တော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဟာ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ အမှတ်(၃)လမ်းဆုံကနေပြီးတော့ မန္တလေးတိုင်းဒေသကြီး (တံတားဦး) အထိကို မိုင်ပေါင်း (၃၆၆)မိုင်နဲ့ (၃)ဖာလုံရှည်လျားတဲ့ လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီး ဖြတ်သန်းသွားတဲ့ဒေသဟာ ပဲခူးတိုင်းဒေသကြီး တစ်ခုတည်းသာမဟုတ်ဘဲနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ မြို့နယ်(၄)မြို့နယ်နဲ့ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တွေကို ဖြတ်သန်းဖောက်လုပ်ထားတဲ့အတွက် လယ်ယာမြေဆုံးရှုံးတဲ့ တောင်သူလယ်သမားများစွာ ကျန်ရှိနေသေးကြောင်းကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ရန်ကုန်တိုင်းရဲ့ ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ မန္တလေးတိုင်းရဲ့ အဖွဲ့တို့ကလည်း အကြောင်းအမျိုးမျိုးကြောင့် ဒီဟာကို စုံစမ်းခြင်း မပြုနိုင်တဲ့အတွက် ဒီလိုသာ ဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့ ကျန်ရှိတဲ့ တောင်သူလယ်သမားတွေဟာ နစ်နာကြေးရမှာ မဟုတ်တဲ့အတွက် ဒီ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် နာယကထံကို အရေးကြီး အဆိုတစ်ရပ်ကို ၂၀-၅-၂၀၁၄ ရက်နေ့မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်ပေါင်း(၃၆၆/၃)မိုင် ဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ လယ်ယာမြေနှင့် အခြားမြေများအတွက် နစ်နာဆုံးရှုံးခဲ့သော တောင်သူလယ်သမားများကို ယခင် ပေးလျော်ပြီးဖြစ်သော တောင်သူများနည်းတူ နစ်နာကြေးများရရှိရန် အမြန်စီမံပေးပါရန် ဆိုပြီး ကျွန်တော် အရေးတကြီး အဆိုတစ်ခုကို တင်ပြခဲ့ပါတယ်။

ပြည်ထောင်စုလွှတ်တော် နာယက ကနေပြီးတော့ဒါ ပြည်ထောင်စုအစိုးရအဖွဲ့ကို ကျွန်တော်တို့ သဝဏ်လွှာပို့ခဲ့ကြောင်း သိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သဝဏ်လွှာပို့ပြီးတော့ အောက်မှာ တိုင်းတာရေးလုပ်တယ်လို့တော့ ကြားပါတယ်။ ဒါကို တိတိကျကျသိလိုတဲ့ အတွက် ကျွန်တော် (၁၁)ကြိမ်မြောက်အစည်းအဝေးမှာ ၂၈-၁၀-၂၀၁၄ ရက်နေ့မှာ ကျွန်တော်တို့ ကြယ်ပွင့်ပြမေးခွန်း အဖြစ်နဲ့ မေးမြန်းခဲ့ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့မှာ ကျွန်တော်တို့ ကြေးမုံသတင်းစာမှာလည်း အတိအလင်း ဒီဟာနဲ့ ပတ်သက်လို့ တင်ပြပြီးဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဘာဖြစ်လို့လည်းဆိုတော့ ရန်ကုန်- မန္တလေး အမြန်လမ်း ဖောက်လုပ်သွားတဲ့အခါမှာ စစ်ဆေးခြင်းမပြုရသေးတဲ့ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ကျန်တဲ့မြို့နယ်တွေ၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းတို့မှာရှိတဲ့ ဒီကျန်နေခဲ့တဲ့ တောင်သူများ အတွက် ကျွန်တော်တို့ ဒါလေးကို တစ်ခါတည်း ပြီးပြတ်အောင်ဆိုတဲ့အနေနဲ့ အရေးကြီးအဆိုကို တင်ပြ ခဲ့တဲ့အတွက် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဒီကနေ့ လျော်မယ်ဆိုတဲ့အပိုင်းမှာ သတင်းစာထဲမှာ သိရတာကတော့ ပဲခူးတိုင်းအတွင်းမှာ ကျန်ခဲ့တဲ့ အုတ်တွင်းတို့၊ ပဲခူးတို့ အပြင်ကို နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ (၄)မြို့နယ်နဲ့ ကျန်တဲ့ဒေသတွေကို လျော်မှာဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမယ့်အပိုင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးခွန်းမှာ မပါသော်လည်းပဲ တစ်ခုလေး တင်ပြချင်တာ ဘာလည်းဆိုတဲ့ အခါကျတော့ ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးတဲ့အခါမှာ အချို့သော ဥစ္စာတွေဟာ စီမံကိန်းတစ်ခုလုံးကို စစ်ဆေးတဲ့အခါမှာ အပိုင်းတစ်ခုအနေနဲ့ စစ်ဆေးခဲ့ပြီးတော့ ဒါကို ပေးလျော်တဲ့အခါ မှာလည်း အဲဒီ စစ်ဆေးတဲ့အပိုင်းလေးသာလျှင် လျော်ခဲ့တာကို တွေ့ရပါတယ်။ ဥပမာအားပြောရင် ကျွန်တော်တို့ ဒါ ရန်ကုန်-မန္တလေး မြို့ရှောင်လမ်းမှာ ကျွန်တော်တို့ ဒါ မကြာသေးခင်က ဆောက်လုပ်ရေး ဝန်ကြီးဌာနက ပေးလျော်ခဲ့ပါတယ်။ ဒါလည်း ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့(၁၁)ရဲ့ စုံစမ်းတဲ့ အခါမှာ မသေချာခဲ့တဲ့အတွက် သူဟာ တကယ်ကျတော့ ဒီလမ်းဟာ လယ်ဝေးနဲ့ ပျဉ်းမနား (၂)မြို့နယ် ပါပါတယ်။

ကျွန်တော့်အနေနဲ့ လယ်ဝေးမြို့နယ်နဲ့ ပျဉ်းမနားမြို့နယ်ရဲ့ တာဝန်ခံဖြစ်တဲ့အတွက်ကြောင့် မို့လို့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ လယ်ဝေးမြို့နယ်သာ လျော်ပြီး တော့ ပျဉ်းမနားမြို့နယ် တစ်ခုလုံး ကျန်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးခွန်းအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ထပ်ပြီးတော့ မေးမြန်းထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်

အနေနဲ့ ဒါတင်ပြချင်တယ်ဆိုရင် ခုနတုန်းကလို စီမံကိန်းတစ်ခုလုံးမှာရှိတဲ့ ပေးလျော်မယ်ဆိုရင် အကုန်လုံးကို ပေးလျော်သင့်တဲ့အကြောင်း တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သတင်းစာမှာလည်း ဖတ်ရှုပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ နစ်နာသူတောင်သူများရဲ့ကိုယ်စား တင်ပြခွင့်ရပြီးတော့ အဲဒီလူတွေကိုယ်စား ရရှိတဲ့အတွက် ကျွန်တော်တို့ များစွာဝမ်းမြောက်ပါတယ်။ နဂိုတုန်းက သတင်းစာထဲက မသိခင်တုန်းက ကျွန်တော် မေးခွန်းတွေ မေးခဲ့ပါတယ်။

မေးခွန်းအနေနဲ့ကတော့ ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရာမှာ ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများကို ပေးလျော်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက အစီအစဉ် ရှိ/မရှိ ဆိုတာရယ်။ အစီအစဉ်ရှိပါက ဘယ်အဆင့်ကို ရောက်နေပါသလဲ။ နစ်နာကြေးများကို ဘယ်ကာလမှာ အစောဆုံး ပေးလျော်နိုင်မည်လဲ။ အစီအစဉ်မရှိပါက ဘာ့ကြောင့်လဲဆိုတဲ့ မေးခွန်းများကို မေးမြန်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီ အစီအစဉ်ကို သတင်းစာထဲမှာ ကြိုပြီးတော့ သိရတဲ့အတွက် တောင်သူများကိုယ်စား ဝမ်းမြောက်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မေးခွန်း မေးတာလား။ ဆွေးနွေးတာလား။ ဘာမေးတာလဲ နောက်ဆုံးတော့။ မေးခွန်းတွေက တိုတိုတုတ်တုတ်နဲ့ ရှင်းရှင်းလင်းလင်း မေးဖို့လိုတာပေါ့နော်။ ဆွေးနွေးသလို ဖြစ်နေတယ်၊ နောက်ဆုံးက ဘာမေးသွားမှန်း မသိဘူး။ ဒါကြောင့်မို့။

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ဟုတ်ကဲ့။

**ပြည်-အောင်လံ-တောင်တွင်း (ချောင်းနက်) လမ်းပိုင်းမှ တံတားကျဉ်း၊ တံတားတိုများ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် (ခ)ကိုပေါက် က ပြည်-အောင်လံ-တောင်တွင်း (ချောင်းနက်) လမ်းပိုင်းမှ တံတားကျဉ်း၊ တံတားတိုများ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် ဖြစ်ပါတယ်။ ဒီမေးခွန်းက ကျွန်တော်တို့ ခရီးသွားလုပ်သားပြည်သူတွေ အန္တရာယ်ဖြစ်မှာကို စိုးရိမ်တဲ့အတွက် နမူနာပြပြီး မေးရတဲ့ မေးခွန်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းပိုင်းကတော့ ကျွန်တော်တို့ ကတ္တရာလမ်းလည်း ဖြစ်တယ်။ လမ်းကလည်း ကျယ်တယ်။ လမ်းလည်း ကောင်းတဲ့အတွက် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းမှာရှိတဲ့ သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ နောက်ပြီးတော့ မကွေးတိုင်းဒေသကြီးက ကျွန်တော်တို့ အောင်လံတို့၊ သရက်တို့က လွှတ်တော်ကိုယ်စားလှယ်တွေလည်းပဲ ဒီလမ်းကို နေပြည်တော်ကို အစည်းအဝေး

တက်တဲ့အချိန် ဖြစ်စေ နောက် စီးပွားရေးကိစ္စတို့ လူမှုရေးကိစ္စတို့ နေပြည်တော် လာရတဲ့အချိန်မှာဖြစ်စေ ဒီလမ်းကို အသုံးပြု ကြပါတယ်။ ဒါ့ပြင် မြေလတ်ပိုင်းက သီးနှံထွက်ကုန်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းကိုလည်းပဲ စီးပွားရေးမြို့တော် ဖြစ်တဲ့ ရန်ကုန်မြို့ကို တင်ပို့တဲ့လမ်းလည်း ဖြစ်ပါတယ်။ ဒါ ခေတ်နဲ့စနစ်နဲ့အညီ ယာဉ်တွေ ပေါများလာတဲ့အတွက် ကျွန်တော်တို့ ခရီးသွား လုပ်သားပြည်သူတွေကလည်းပဲ ပေါများလာတဲ့ အတွက် ယာဉ်လိုင်းတွေကလည်း၊ မော်တော်ယာဉ်လိုင်း၊ ခရီးသွားယာဉ်လိုင်းတွေကလည်း များပြားလာ ပါပြီ။

ကျွန်တော်တို့ ရန်ကုန်ဆိုရင် ရန်ကုန်-တောင်တွင်း၊ ရန်ကုန်-မကွေး၊ ရန်ကုန်-မင်းဘူး။ နောက် ပြည်ဆိုရင်လည်း ပြည်ကနေ ကျွန်တော်တို့ မန္တလေး-ပြည်-နေပြည်တော်၊ ခု နောက်ပိုင်းဆိုရင်တော့ ကျွန်တော်တို့ နေပြည်တော်နဲ့ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ကြို့ပင်ကောက် ခရီးသည်လိုင်းတွေပေါများ လာပါပြီ။ ဒါကြောင့် ဒီလမ်းမှာ လမ်းကတော့ကျယ်တယ်၊ လမ်းလည်းချောပါတယ်။ ဒါပေမဲ့ ဒီလမ်းမှာရှိတဲ့ ကျွန်တော်တို့ တံတားကျဉ်းတွေဟာဆိုရင်၊ ကျွန်တော် မှတ်မိသ၍ဆိုရင် ပြည်ရယ်၊ ပရပ်ကြယ်ရယ်၊ နောက် ဝက္ကသေးရယ်မှာတော့ သံလင်းငြမ်း တံတားကျဉ်း ရှိပါတယ်။ ဒါတွေကတော့ ချောင်ကူးတံတား တွေပါ။ ဒါပေမဲ့ အဲဒီတံတားကျဉ်းတွေတော့၊ သံလင်းငြမ်းတံတားကတော့ မြင်သာတဲ့အတွက်ကို အန္တရာယ် မရှိနိုင်ပါဘူး။

အခုတော့ တံတားကျဉ်း၊ တံတားတိုဆိုပြီး ကျွန်တော် မေးခွန်းထဲမှာလည်း တင်ပြထားပါတယ်။ အဲဒီ တံတားလေးတွေကတော့ ခရီးသွားလုပ်သားပြည်သူတွေအတွက် အန္တရာယ်ရှိလို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်း ကို မေးရတာပါ။ ဘာကြောင့်လည်းဆိုရင် ဒီ တံတားကျဉ်း၊ တံတားတိုတွေမှာ တံတားအနေနဲ့ ကတော့ အုတ်ခုံတွေရှိရမယ်၊ တံတားအုတ်ခုံရဲ့ ဟိုဘက်ဒီဘက်မှာ ကျောက်တိုင်နှစ်တိုင် ပါရပါမယ်၊ တစ်တိုင်စီ၊ အဲဒီဟာတွေလည်း ပျောက်ကွယ်နေတယ်၊ ချုံတွေကလည်း အုပ်နေတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လမ်းကတော့ ကျယ်နေတယ်၊ လမ်းကျယ်နေတော့ ကားကတော့ ထုံးစံအတိုင်းပေါ့။ မောင်းကြတာပဲ၊ အနားကျမှ ဘွားကနဲဆိုပြီး အဲဒီမှာတံတားကျဉ်းနဲ့လည်း သွားလည်းတိုးရော တံတားက ခြုံနွယ် ပိတ်ပေါင်းတွေ ပိတ်နေတဲ့အတွက် မမြင်ရပါဘူး။ အဲဒီမှာ ကျွန်တော်တို့ ထော်လာဂျီတို့ မော်တော်ကားတို့၊ ကျတယ်ဆိုတာလည်း သိခဲ့ရပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော် ဒီတံတားကျဉ်း တွေနဲ့ ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင်လည်းပဲ ဓာတ်ပုံအရိုက်ကောင်းလို့ပေါ့လေ၊ ရှေ့က ကားတစ်စီးနဲ့ ကံကောင်းလို့ ဆောင့်တော့မလို့ အဲဒါလည်း ပါပါတယ်။ အဲဒါလေးကိုတော့ ပါဝါပွိုင့်နဲ့ ဥက္ကဋ္ဌကြီး တင်ပြ ခွင့်ပြုပေးပါခင်ဗျား။

နတ္တလင်းကျေးရွာနဲ့ ဇီးကုန်းကျေးရွာကြားမှာရှိတဲ့ တံတားဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ အခုလက်ရှိကတော့ တံတားအကျဉ်းဖြစ်ပြီး အခုနက ကျွန်တော် တင်ပြပါသော သံလင်းငြမ်းတံတားကြီး ဖြစ်တယ်။ အားလုံးမြင်တွေ့နေတဲ့အခါ ဟိုဘက်ထိပ်ဒီဘက်ထိပ်ကို ကားက ရှောင်ပြီး မောင်းလို့ရပါတယ်။ အခုလည်းပဲ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကပါပဲ။ တံတားချဲ့ဖို့ အတွက်ကို ပြည်ကလွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းမေးမြန်းချက်နဲ့အတူ တံတားကြီးဆောက်နေ ပါပြီ။ ဒါက တော့ ကျွန်တော်မိုင်တိုင် (၁၉၀/၂) ဖာလုံက တံတားဖြစ်ပါတယ်။ မြင်တွေ့ပါအတိုင်းပါ။

ဒါကတော့ ကျွန်တော်မိုင်တိုင် (၂၉၀/၁) ဖာလုံက တံတားဖြစ်ပါတယ်။ မြင်တွေ့ပါတယ်။ အဲဒီမှာ ဒါက ပြည်ဘက်ကနေ နေပြည်တော်လာတဲ့အတွက် ဘယ်ဘက်ကနေပြီး မြင်နေရပါတယ်။

ဒီတံတား အကျဉ်းကို။ ညာဘက်က ချုံနွယ်တွေ ပိတ်နေပါတယ်။ ဒါက (၁၉၁) မိုင်တိုင် (၃) ပါ။ အဲဒါ ကျွန်တော် အခုနက မိုင်တိုင်ပြတဲ့အကြောင်းကတော့ ဒီလိုပါ။ အဲဒီတံတားတွေကျတော့ မိုင် ဘယ်လောက် ရှိတယ်ဆိုတာ ရေးထားပါတယ်။ အခု ဒီဟာကျတော့ (၁၉၄)မိုင် (၆)ဖာလုံ အောင်ကြည်သာရွာ ဆိုတာက ကျွန်တော်တို့ နယ်စပ် ပြည်၊ ပဲခူးတိုင်းနယ်စပ်ထဲအဝင်၊ နယ်ထဲအဝင်မှာ ကျွန်တော်တို့ ကျော်စွာစက်ရုံ အပေါက်ပေါ့။ ခတ်မြေသြဇာ စက်ရုံပေါက်ကတော့ အောင်ကြည်သာရွာပါ။ အဲဒီမှာဆို မြင်တွေ့ပါ အတိုင်းပါ။ ကျွန်တော် တင်ပြတာ လမ်းကြီးက ကျယ်နေ ပါတယ်။ တံတားဘောင်တွေမရှိတော့ပါဘူး။ အဲဒီမှာလည်း တစ်ခါ ပြုတ်ကျဖူးပါတယ် မော်တော်ကား တစ်စီး။ ဒီဟာကတော့ ကျွန်တော်တို့ အောင်လံ ရောက်ခါနီးမှ စကားတောင်ကိုးကွေ့လို့ ခေါ်ပါတယ်။ စကားတောင်ကိုးကွေ့အထဲက (၂၀၆)မိုင် (၂)ဖာလုံမှာ ဘယ်ဘက်က ကျွန်တော် အလာဆိုရင်တော့ ညာဘက်ကတော့ တံတားအတွက် သတ်မှတ် ထားတဲ့ တိုင်ငုတ်တွေ ရှိပါတယ်။ ဘယ်ဘက်က ပျောက်နေပါတယ်။


ဒီမှာလည်း ဒီဟာကတော့ ဘယ်ဘက်ကတော့ မြင်ရပါတယ်။ ညာဘက်က ရေးရေးပဲ တွေ့ရ ပါတယ်။ ဒါကတော့ ကျောက်ဆည်ရွာ အနီးကလည်း တံတားအကျဉ်းပါပဲခင်ဗျ။ ဒါကျွန်တော်က မိုင်တိုင် (၂၄၃)မိုင်နဲ့ (၃)ဖာလုံ ခန့်မှန်းဆိုတာက ဒီလိုပါ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးလည်း ပါပါတယ် ခင်ဗျာ။ ခန့်မှန်းဆိုတာက ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ ချုံနွယ်တွေက အထဲမှာ ပိတ်နေတော့ မိုင်တိုင်မမြင်ရလို့ ကျွန်တော့်အနေနဲ့ ခန့်မှန်းလို့ရေးတာပါ အဲဒီမှာလည်းပဲ တိုင်ငုတ်ပဲ ရှိပါတော့တယ်။ တံတားဘောင် မရှိတော့ပါဘူး။ နှစ်ဘက်စလုံး။ ဒီမှာပါ ကျွန်တော် အခုနက တင်ပြချင်တာ။ အဲဒီမှာ ခရီးသည်တင်ကားဆိုတာ ကျွန်တော် အရပ်တွေမှာ။ မြေလတ်ဒေသမှာတော့ ဈေးကား ခေါ်ပါတယ်။ အဲဒီဈေးကားက ကုန်းပေါ်ကနေ ဆင်းလာတာ။ ကျွန်တော်လည်း အဲဒီအဝင်ပဲ။ အဲဒါနဲ့ ချက်ချင်း ကျွန်တော် ညာဘက်ဆွဲကပ်လိုက်ပါတယ်။ အကယ်လို့များ ကျွန်တော်လည်း သွားရင် သူနဲ့တိုက်ရင် တိုက်၊ မတိုက်ရင် တစ်စီးသာ ပြုတ်ကျတော့မှာပဲ။ မြင်ရပါအတိုင်းပဲ။ ညာဘက်ဘီးက ဟိုဘက်အစွန်မှာ ရှိနေပါတယ်။

ဒါကတော့ ကုန်းကျဉ်းရှိပါတယ်။ ကျွန်တော်တို့ အရပ်အခေါ်တော့ ကုန်းကျဉ်းရှိပါတယ်။ တံတားအကျဉ်းရှိပါတယ်။ သတ်မှတ်ထားတာ ဘယ်ဘက်မှာ ဟိုမှာဖြူဖြူလေးတွေ့နေပါတယ်။ ဖြူဖြူလေး ဘယ်ဘက်မှာ။ အဲဒါက ကျွန်တော်တို့ ဝါးတိုင်စိုက်ပြီး ကျွတ်ကျွတ်အိပ် စွပ်ထားတာပါ။ ဒါက (၂၄၄) မိုင်၊(၂)ဖာလုံ မှာတွေ့တာပါ။ အဲဒီမှာလည်း ဘယ်ဘက်မှာ ဖြူဖြူတွေ့နေပါတယ်။ တိုင်ငုတ် တွေ့နေ ပါတယ်။ အဲဒါပီနန်အိတ်စွပ်ထားတာပါ ဝါးတိုင်စိုက်ပြီး။ ရပါပြီ။ တင်ပြပါ ကျွန်တော် တင်ပြချက်ကတော့ အပြုသဘောနဲ့ပါ။ ခရီးသွားလုပ်သားပြည်သူတွေ ခုနလိုပဲ ကျွန်တော် တွေ့ကြုံခဲ့ရတဲ့အတိုင်းပါ။ အမှတ်တမဲ့ ကားကတော့ လမ်းကောင်းတဲ့ အတွက် Speed နဲ့ပဲ မောင်းလာကြတာပါ။ တံတားထိပ်မှာ သွားတွေ့လိုက်လျှင် ဒီတံတားကျဉ်းတဲ့အတွက်၊ ဒီတံတားဘောင်တွေမရှိတဲ့အတွက် ချုံနွယ်တွေပိတ်နေ တဲ့အတွက် မြောင်းထဲကျသွားရင် တော်တော်ဒုက္ခရောက်ကြမှာပါ။ အဲဒါကြောင့် ဒီတံတားကျဉ်းတွေကို ပြုပြင်ဆောင်ရွက်ပေးနိုင်ဖို့ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်ခင်ဗျား။

ပြည်မြို့အထွက် နတလင်း-ဇီးအုပ်တံတား မြင်ကွင်းပုံ (ဃ)


ပြည်မြို့အထွက် နတ်တလင်း-ဇီးအုပ်တံတား

မိုင် ၁၉၄-၆ အောင်ညီသာရွာ မြင်ကွင်းပုံ (ဃ-၁)



မိုင် ၁၉၄-၆ အောင်ညီသာရွာ

မိုင် ၂၁၅ ခန့်မှန်း မြင်ကွင်းပုံ (ဃ-၂)




**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း စတဲ့ နှစ်ဖြာသော သုခအဝဝနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမှတ်ကြီးမှ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ လယ်ယာမြေ များအတွက် နစ်နာကြေး ပေးလျော်ရန်နှင့် ပတ်သက်တဲ့ မေးခွန်း(၄)ခုကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ လယ်ယာမြေများအတွက် နစ်နာကြေးများကို ပေးလျော်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန က အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့် ပတ်သက်ပြီးတင်ပြရရင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဟာ လမ်းနယ်အကျယ်ပေ(၄၀၀) ဖြစ်ပါတယ်။ လမ်းရဲ့အရှည်ကတော့ (၃၆၆)မိုင်နဲ့ (၃)ဖာလုံရှည်လျား တာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမြေအဖြစ် သိမ်းသွင်းသတ်မှတ်နိုင်ရေးအတွက် အမြန်လမ်း ဖောက်လုပ်ရာမှာ ပါဝင်သွားခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီနယ်မြေနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ်(၂၁)မြို့နယ်မှာရှိတဲ့ လမ်းနယ်အတွင်းမှာ ပါဝင် သွားခဲ့တဲ့ မြေအမျိုးအစားနဲ့ ပိုင်ဆိုင်သူများစာရင်းမှာ သက်ဆိုင်ရာမြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေး

ကော်မတီများနဲ့ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနများမှ စိစစ်ပေးမှုအရ စုစုပေါင်း (၁၃၄၇၁.၃၉) ဧက ဖြစ်ပါတယ်။ အဆိုပါ မြေဧရိယာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ သတ်မှတ်ဈေးနှုန်းများဖြင့် ခွင့်ပြုရရှိသော ရန်ပုံငွေအရ ပေးလျော်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ အစီအစဉ်ရှိပါက မည်သည့်အဆင့်သို့ ရောက်ရှိနေပါသလဲ မေးခွန်းအား ရှင်းလင်းတင်ပြရရင် အဆိုပါ မြေဧရိယာများအနက် ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ စုံစမ်းရေးကော်မရှင် အဖွဲ့ခွဲ(၃)ရဲ့ အစီရင်ခံစာ အပိုင်း (၃) ဖြင့် စိစစ်မှုအရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်းပေါင်း (၁၄၈၅.၈၄၁)သန်း နှင့် တောင်သူ(၉၇၆)ဦးရဲ့ လယ်ယာမြေ (၂၄၀၂.၇၅)ဧကကို ပေးလျော်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ လယ်ယာမြေတွေကတော့ ပဲခူးတိုင်းဒေသကြီး (၅)မြို့နယ်မှာရှိတဲ့ တောင်သူ(၉၆၅)ဦးရဲ့ လယ်ယာမြေ (၂၃၈၂.၅၇) ဧကအတွက် လျော်ကြေးငွေကျပ် (၁၄၇၉.၁၆) သန်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ရဘိန်းကျေးရွာမှ တောင်သူ(၁၁)ဦးရဲ့လယ်ယာမြေ (၂၀.၁၈) ဧကအတွက် လျော်ကြေးငွေကျပ် (၆.၆၈၁)သန်း ပေးချေခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေကျပ် (၁၃၀၆.၃၄၄) သန်းအနက် ငွေကျပ်(၁၁၈၂.၃၃၂၅)သန်းတို့ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ် (၄)မြို့နယ်မှာရှိတဲ့ တောင်သူ(၇၉၇)ဦးရဲ့ လယ်ယာမြေဧက (၁၈၆၄.၀၄)ဧက အတွက် လျော်ကြေးငွေပေး လျော်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်ရှိတဲ့ ရန်ပုံငွေကျပ် (၁၂၄.၀၁၁၅) သန်းကို ပဲခူးတိုင်းဒေသကြီး အတွင်းရှိတဲ့ ပေးလျော်ရမယ့် လယ်မြေများကို တိုင်းတာစစ်ဆေး ညှိနှိုင်းလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အတည်ပြုချက်ရရှိပြီးပါက ပေးလျော်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတတိယမေးခွန်းနဲ့ စတုတ္ထမေးခွန်းဖြစ်တဲ့ နစ်နာကြေးများ ကို မည်သည့်ကာလတွင် အစောဆုံး ပေးလျော်နိုင်မည်လဲ၊ အစီအစဉ် မရှိပါက ဘာကြောင့်လဲ စတဲ့ မေးခွန်းများနဲ့ပတ်သက်ပြီး တင်ပြရရင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့ အတွင်း ပေးလျော်ရန် ကျန်ရှိတဲ့ လယ်ယာမြေများအတွက် လျော်ကြေးပေးချေနိုင်ရန် မြေအမျိုးအစားများ စာရင်းနဲ့ ပိုင်ဆိုင်သူများစာရင်းကို အတည်ပြုနိုင်ရန်အတွက် သင့်လျော်တဲ့ နစ်နာကြေးနှုန်းထားများကို သတ်မှတ်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ သဘောထားမှတ်ချက် တောင်းခံ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ စာရင်းဇယားများ ရရှိပါက ပေးလျော်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၁၀၀၀၀) သန်းအား တိုင်းဒေသကြီး (၃)ခုနဲ့ နေပြည်တော်ကောင်စီတို့အတွက် လျာထားတောင်းခံထားပြီး ဖြစ်ပါတယ်။

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြေဧက (၅၂၇၉.၆၈) အတွက် လျော်ကြေးပေးရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဈေးနှုန်းသတ်မှတ်ပေးမှုနဲ့ သဘောထား မှတ်ချက် ရရှိလာပါက ခွင့်ပြုရရှိတဲ့ ရန်ပုံငွေနဲ့ နစ်နာကြေးများ ပေးလျော်သွားမှာ ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းဇော်(ခ)ကိုပေါက် မှ မေးမြန်းထားတဲ့ ပြည်-

အောင်လံ-တောင်တွင်းလမ်းပိုင်းမှ တံတားကျဉ်း၊ တံတားတိုများကို ချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း၊ ပြည်-အောင်လံ-တောင်တွင်း (ချောင်းနက်) လမ်းအပိုင်းဟာ မက်စ်ဟိုင်းဝေးကုမ္ပဏီမှ BOT စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ပြည်မြို့မှ တောင်တွင်း(ချောင်းနက်)အတွင်းမှာ (၁၀၀)ပေ အောက် တံတားကျဉ်း၊ တံတားတို၊ တံတားပျက် အစင်း(၄၀)စင်း ရှိပါတယ်။ (၁၀၀)ပေမှ (၁၈၀)ပေ အတွင်း တံတား အကျဉ်း (၁)စင်းရှိပါတယ်။ (၁၈၀)ပေနှင့်အထက် တံတားကျဉ်း (၃)စင်း ရှိပါတယ်။ (၁၀၀) မှ (၁၈၀) ပေ အတွင်း တံတားကျဉ်း (၁) စင်း ဖြစ်ပါတယ်။ အဲဒီတံတားတွေကတော့ ကျွန်တော်ဒီမှာ Power Point လေးနဲ့ တင်ပြပေးပါမယ်။ အဲဒီတံတားတွေကတော့ ပထမဦးဆုံး ကျွန်တော်တင်ပြတဲ့ တံတားက ရေဆုံး ချောင်းတံတား၊ တံတားနံပါတ်က (၄/၂၄၄) ဖြစ်ပါတယ်။ ဒီတံတားကို မကွေးတိုင်း ဘက်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ကျွန်တော်တို့ ရှေးယခင်က ဆောက်ထားတဲ့ သံဘောင်တံတားတွေ ဖြစ်တဲ့အတွက် လမ်းကျဉ်းနေတာ အမှန်ပဲ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ကြေးနီတံတား ဖြစ်ပါတယ်။ တံတားအမှတ်ကတော့ (၂/၂၂၇) ဖြစ်ပါတယ်။ ဒါ မကွေးဘက်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အောင်လံဘက်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒီတံတားက အလယ်မှာ သံဘောင်နဲ့ဘေးမှာ ကျွန်တော်တို့ သံကူကွန်ကရစ်နဲ့ ဆက်ထားတဲ့ တံတားတစ်စင်း ဖြစ်ပါတယ်။ ဒီတံတားကတော့ ကျွန်တော်တို့ တံတားကို ရေလယ်ကနေ မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ အလယ်က သံဘောင်ပါ။ ဒီဘက်က သံကူကွန်ကရစ်နဲ့ ဆက်ထားတာဖြစ်ပါတယ်။ ဒီအောက်က ဖြူဖြူလေးတစ်လိုင်းကတော့ ဟိုဘက်မှာရှိတဲ့ ရထားသံလမ်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မိုင်တိုင် (၂၆၁) နဲ့ (၂၆၇) ကြားမှာရှိတဲ့ တံတားအမှတ်(၂/၂၆၂) နဲ့ ပရပ်ကျယ်တံတား ဖြစ်ပါတယ်။ ဒါက တောင်တွင်းနဲ့ အောင်လံဘက်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ CH သံဘောင်နဲ့ လုပ်ထားလို့ တံတားကျဉ်း နေတာအမှန်ပဲ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီတံတားကို ရေထဲက မြင်ရတဲ့ တံတား ဖြစ်ပါတယ်။ ဒီတံတားကိုတော့ ကျွန်တော်တို့ မိုင်တိုင်(၂၆၇)မှာရှိတဲ့ တံတားအမှတ် (၁/၂၆၈) ရှိတဲ့ ဝက္ကသေးတံတား ဖြစ်ပါတယ်။ ဒါလည်း သံဘောင်တံတား ဖြစ်တဲ့အတွက် ယခု အချိန်မှာကျဉ်းတယ်။ ကားနှစ်စင်း ရှောင်ဖို့ ခက်တဲ့ တံတားဖြစ်တာ မှန်ပါတယ်။ တံတား အဝင်အထွက်မှာ ချုံနွယ်များ ရှင်းလင်းတာနဲ့ပတ်သက်လို့ တင်ပြရရင် ကျွန်တော်တို့ဆီကို ဒါ ဥက္ကဋ္ဌကြီးဆီကနေပြီးတော့ ဒါမေးခွန်း ဖြေပါဆိုပြီးတော့ နိုဝင်ဘာလမှ မေးခွန်းကိုရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီအချိန်ကစတင်ပြီးတော့ တံတားတွေနားမှာရှိတဲ့ချုံနွယ်တွေကို ကျွန်တော်တို့ ရှင်းလင်းဖို့ မှာကြားတဲ့အခါမှာ သက်ဆိုင်ရာမက်စ်ကုမ္ပဏီက ဒါရှင်းလင်းထားတာ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ရှင်းလင်းပြီးတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ Box Culvert တွေ ရှင်းလင်းထားတဲ့ ပုံ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ရှင်းလင်းပြီးတာ ဖြစ်ပါတယ်။ ဒါလည်း ရှင်းလင်းပြီးပေမယ့် ကျန်တာတွေ ရှိပါသေးတယ်။ ဒါတွေလည်းကျွန်တော်တို့ ဆက်လက်ရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒါ တံတားတွေတိုးချဲ့ဖို့ ဖြစ်ပါတယ်။ တံတားတွေတိုးချဲ့ဖို့က စုစုပေါင်း အစင်း(၄၀) တင်ပြထားတဲ့နေရာမှာ ကျွန်တော်တို့အမြန်ဆုံးဒီနှစ်ထဲမှာ (၁၀)စင်းတိုးချဲ့ဖို့ ဖြစ်ပါတယ်။ ဒီဟာက တိုးချဲ့ဖို့ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီဟာ ကျဉ်းတဲ့အတွက် ဒီဘက်ကို တိုးချဲ့မယ်။ ဟိုဘက်တိုးချဲ့မယ်၊

ဒီလိုဆောင်ရွက်နေပုံ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ တိုးချဲ့ဖို့ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါလည်းပဲ တိုးချဲ့ဖို့ဆောင်ရွက်နေတဲ့ပုံ ဖြစ်ပါတယ်။ တံတားကတော့ တိုးချဲ့ပြီးပါပြီ။ လမ်းကိုဆက် တိုးချဲ့ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ တိုးချဲ့နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါ Box Culvert တွေတိုးချဲ့နေတာ ဖြစ်ပါတယ်။

ဒါလည်းပဲ တံတားတိုးချဲ့ပြီးတဲ့ပုံ ဖြစ်ပါတယ်။ အဲဒီတော့ စုစုပေါင်း ကိုယ်စားလှယ်ကြီး တင်ပြသွားတာဟာ အစင်း(၄၀)မှာ စုစုပေါင်း(၁၀)စင်း ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျန်တဲ့အစင်း (၃၀) ကိုတော့ ၂၀၁၅- ၂၀၁၆ မှာ ဆက်လက်ပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တင်ပြရရင် ဒီတံတားအစင်းတွေမှာ ပေ (၁၀၀)နဲ့ (၁၈၀)ပေ အကြား တစ်စင်းရှိပါတယ်။ နောက်ပြီးရင် (၁၈၀) ပေ အထက်က (၃)စင်းရှိပါတယ်။ ဒီတံတား(၄)စင်းကိုလည်းပဲ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ တိုးချဲ့သွားမယ်ဆိုပြီးတော့ ကျွန်တော်တို့ဘက်က အကြောင်းကြားလိုက်တဲ့အခါမှာ တိုးချဲ့ဖို့အတွက် မက်စ်မြန်မာ ဟိုင်းဝေးကုမ္ပဏီကနေပြီးတော့ ဒါကို လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုးချဲ့ သွားပါမယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ဆီကို ၂၄-၁၁-၂၀၁၄ ရက်စွဲပါစာနှင့် ကျွန်တော်တို့ဆီကို ပြန်ကြားထားပြီးဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး၏ ကျောက်ထက်အက္ခရာများကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်မည့် အစီအစဉ်နှင့် အလှူရှင်များရှိပါက ရွှေရေး၊ မင်ရေးတို့ဖြင့် ပူဇော်လှူဒါန်းခွင့် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး၏ ကျောက်ထက်အက္ခရာများကို ခေတ်မီ နည်းစနစ်များဖြင့် ပြုပြင်မည့် အစီအစဉ်နှင့် အလှူရှင်များရှိပါက ရွှေရေး၊ မင်ရေးတို့ဖြင့် ပူဇော်လှူဒါန်းခွင့် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန် ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး၏ ကျောက်ထက်အက္ခရာများကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်မည့် အစီအစဉ်နှင့် အလှူရှင်များ ရှိပါက ရွှေရေး၊ မင်ရေးတို့ဖြင့် ပူဇော်လှူဒါန်းခွင့် ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဆိုသည်မှာ မန္တလေးမြို့တည် နန်းတည် ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးရဲ့ ကုသိုလ်တော်ကျောက်စာများကိုဆိုလိုပါတယ်။ ၁၂၂၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်နေ့တွင် မြို့၊ ကျုံး၊ စေတီ၊ သိမ်ကျွဲမောင်း၊ သိမ်၊ ကျောင်း၊ သုဓမ္မာ၊ ရွှေစာ အမြုတ် ပိဋကတ်တိုက်၊ သမိုက်မြှုပ်၊ ခုနှစ်တန်ကို၊ ဆော်ဖန်အောင်စည်၊ တပြိုင်တည်က ဆိုတဲ့ ကင်းဝန်

မင်းကြီးရေးတဲ့ ရွှေကိုယ်တော်ကြီး မင်္ဂလာဓချင်းထဲက အမှတ်အသားအတိုင်း ခုနှစ်ဌာနကို တစ်ပြိုင်တည်း ပန္နက်တင် တည်ဆောက်ခဲ့ပါတယ်။ အဲဒီအထဲက မဟာလောကမာရဇိန်ဘွဲ့ ချီတဲ့ ကုသိုလ်တော်စေတီတော်ကြီးရဲ့ မဟာရံတံတိုင်းသုံးထပ်အတွင်းမှာ ပိဋကတ်ကျောက်စာများကို စိုက်ထူထားခြင်းကို ဆိုလိုပါတယ်။

၂၀၁၃ ခုနှစ်က ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်က ဥက္ကဋ္ဌကြီး ပြည်ထောင်စုလွှတ်တော် နာယက တာဝန်ထမ်းဆောင်နေစဥ်မှာ ဩစတေးလျနိုင်ငံကို ကျွန်တော်တို့ လိုက်ပါခွင့်ကြုံပါတယ်။ ဆစ်ဒနီမြို့ ဘန်နာလောင်းပွိုင့်မှာ တည်ဆောက်ထားတဲ့ Opera House ကိုလည်း အချိန်အနည်းငယ်ရတဲ့အတွက် လေ့လာခွင့်ကြုံပါတယ်။ စတူဒီယို ကပွဲခန်းမ Theatre ဂီတခန်းမတွေ ပါဝင်တဲ့ ခမ်းနားတဲ့အဆောက်အအုံဖြစ်ပါတယ်။ ဒီအဆောက်အအုံက ၂၀၀၇ ခုနှစ်က ယူနက်စကို က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရပါတယ်။ ၁၉၆၃ ခုနှစ်မှာ ဒေါ်လာ(၇)သန်းနဲ့ ပြီးစီးဖို့ လျာထားပေမယ့် (၁၀)နှစ်ကြာ ၁၉၇၃ ခုနှစ် ဒေါ်လာ(၁၀၂)သန်း ကုန်ကျခဲ့ပါတယ်။ ဒီနေရာတွေကို ရောက်ခဲ့ တွေ့ခဲ့ရလို့လည်း ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောက်စာတစ်ချပ်ဟာ အလျား(၅)ပေ၊ အနံ(၃)ပေခွဲ၊ ထု (၅)လက်မ၊ (၆)လက်မရှိပြီးတော့ စာမျက်နှာ(၁၄၆၀) ရှိတဲ့ စာရွက်(၇၃၀) ရှိပါတယ်။ ထပ်ထားလိုက်လျှင် အထပ်(၂၀) ရှိတဲ့ တိုက်တစ်လုံးလောက် မြင့်နေမှာဖြစ်ပြီးတော့ မြေ(၁၃)ဧက ကျယ်ဝန်းတဲ့ လေးထောင့်စပ်စပ် မြေကွက်ကြီးထဲမှာ တစ်ရွက်စီ စိုက်ထူထားခြင်း ဖြစ်ပါတယ်။ လူတစ်ယောက် တစ်နေ့ (၈)နာရီ မနားတမ်း နေ့တိုင်းမှန်မှန် ဖတ်သွားမယ်ဆိုလျှင် (၁)နှစ်နဲ့ (၃)လ ကြာဖတ်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သရေခေတ္တရာခေတ်ကနေ ပုဂံခေတ်အထိ ကျောက်စာတွေကို လေ့လာကြည့်ပါက မိမိဒေသနှင့် နီးတဲ့နေရာမှ သဲကျောက်၊ လိပ်သဲကျောက်များနှင့် ထုဆစ်တာများ ပါတယ်။ ဥပမာ ဟန်လင်းကျောက်စာ၊ ပြည်ရွှေဆံတော်ကျောက်စာ၊ ဓမ္မစေတီကျောက်စာ၊ ဒီ ပုဂံခေတ် ကျောက်စာတွေကတော့ အများအားဖြင့် ကျောက်ဆည် ဝေဘူတောင်က ထွက်တဲ့ ကျောက်တွေနဲ့ ထုတာများပါတယ်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မှစတင်ပြီးတော့ မတ္တရာနယ် စကျင်တောင်ကထွက်တဲ့ စကျင်ကျောက်ကို စပြီးတော့ သုံးလာတာဖြစ်ပါတယ်။ ကောင်းတဲ့ စကျင်ကျောက်များဆိုလျှင် အရည်ဝင်နေတာမို့ ကျောက်သလင်း၊ ကျောက်စိမ်းဖြူအဆင့်အထိ အဆင့်မြင့်မြင့်မှာ ရှိပါတယ်။ စကျင်တောင်ကလည်း မိုးကုတ်ထွက် ပတ္တမြားနှင့်မခြား အရည်အသွေးကောင်းတဲ့ ပတ္တမြားတွေလည်း ထွက်ဖူးပါတယ်။ ဒီစကျင်ကျောက် ဆိုတာက အရှင်မတည်တဲ့ ဇာသကျောက်မျိုး မဟုတ်ဘဲနဲ့ အလွန်ခိုင်ခန့်တဲ့ အမျက်မဏီကျောက်မျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သမိုင်းမှာ ဘုရင်တစ်ပါး နန်းတက်လာမည်ဆိုလျှင် ပိဋကတ်တော်တွေကို ပေထက်အက္ခရာရေးပြီး ပူဇော်ခြင်းသည် ဘုရင်သစ်၏ ပထမဆုံးလုပ်သော ဓလေ့တစ်ခုဖြစ်ပါသည်။ ရှေးက ပေမှာ ကညစ်ရေး၊ မင်ရေး ဆိုပြီး နှစ်မျိုးသာ ရှိပါသည်။ ၁၆၇၃ ခု ဝမ်းဘဲအင်းစံမင်းလက်ထက်တွင် ပေကို သစ်စေးသားရိုးကိုင်ပြီး ဆေးဒါန်းနှင့် အက္ခရာရေး ရွှေချတဲ့ စာရေးတဲ့နည်းပေါ်လာလို့ ရွှေရေး၊ မင်ရေး၊ ကညစ်ရေး၊ ပေ ရယ်လို့ (၃)မျိုးပေါ်လာခဲ့တာဖြစ်ပါတယ်။ ဒီကုသိုလ်တော်ပိဋကတ် ကျောက်စာတွေကို ၁၄-၁၀-၁၈၆၀ တွင် နန်းတော်တွင်းမှာ စတင်ထုဆစ်ပြီးတော့ (၇)နှစ် (၆)လနှင့် (၁၄) ရက် ကြာပါတယ်။ ၄-၅-၁၈၆၈ မှာ ပြီးပါတယ်။ ကျောက်ထက်အက္ခရာတင်ပြီး သုံးနှစ်အကြာမှာ

၁၅-၄-၁၈၇၁ ခုနှစ်မှာ သံဃာတော် (၂၄၀၀) နှင့် စတင်ရွတ်ဖတ်သရဇ္ဈယ်တာ ငါးလနဲ့ သုံးရက်ကြာပါတယ်။ ၁၂-၉-၁၈၇၁ ခုနှစ်မှာ ပဉ္စမသင်္ဂါယနာတင်ပွဲ ပြီးစီးအောင်မြင်ခဲ့ပါတယ်။

ကျောက်ထက်အက္ခရာတင်ပြီး နှစ်ပေါင်း (၃၀)တိတိကြာတဲ့အခါ စက္ကူပေါ်ကို ရောက်အောင်ဆောင်ကြဉ်းပေးသူမှာ ဟံသာဝတီပုံနှိပ်တိုက်ပိုင်ရှင် မစ္စတာပီ (ဖီးလစ်)အိပ်ချရစ်ပလေ ဖြစ်ပါတယ်။ ရွှင်ရယ်ရှစ်ချိုးဆိုက်နှင့် စာမျက်နှာ (၄၀၀)တစ်ဝိုက်မှာရှိတဲ့ စာအုပ်ကြီး (၃၈)အုပ်ကို ရိုက်နှိပ်ရပါတယ်။ ဒီလို ကျောက်စာတော်မူကို တလေးတစား စက်တင်ပုံနှိပ်တဲ့ မစ္စတာရစ်ပလေ ဟာ စီးပွားရေးသက်သက်သာမကဘဲ သဒ္ဓါတရားလည်း ရှိပါတယ်။ ဘာလို့လည်းဆိုတော့ ရစ်ပလေဟာ ကျောက်ဖြူမြို့မှာ မွေးတဲ့ အာမေးနီးယန်းလူမျိုး ဖြစ်ပါတယ်။ သူ့အဖေ အရေးပိုင်ထိပ်နီက မန္တလေး ရတနာပုံ နန်းတွင်းထဲဝင်ထွက်ခစားတဲ့အခါ သူက ကလေးအဖြစ်နဲ့ နန်းတော်ထဲကို ပါပါသွားပါတယ်။ သူ့ကို မင်းတုန်း မင်းကြီးက တွေ့တဲ့အခါ သဘောကျလို့ ငါမွေးစားမယ်ဆိုပြီး သူ့အဖေဆီက ဘုရင်က တောင်းထားလိုက် ပြီး မန္တလေး သံတဲကျောင်းက ဆရာမှတ်ကြီး ဆီမှာ အခြားမင်းသား၊ မှူးသား၊ မတ်သားတွေနဲ့အတူ ပညာသင်စေပါတယ်။ ဆံပင်နီလေးမို့ မင်းတရားကြီးက ဆံနီ လို့ ခေါ်တဲ့ ရစ်ပလေဟာ နန်းတော်ကြီးထဲမှာ ကြီးပြင်းပြီး (၁၇)နှစ်သားကျမှ မင်းတရားကြီး မကျန်းမာလို့၊ နန်းတွင်းရေး ရှုပ်ထွေးလာလို့ ကြောက်ပြီးတော့ ရန်ကုန်ကို စုန်ပြေးတာ ဖြစ်ပါတယ်။ မြန်မာစာနဲ့ မြန်မာစကားကို ရေရေလည်လည် တတ်ရုံသာမကဘဲနဲ့ ကဗျာတောင် စပ်နိုင်တဲ့ နန်းတွင်းကြီး ငယ်ကျွန်တစ်ဦးပါ။

ဒါကြောင့် ရန်ကုန်မှာ ပုံနှိပ်စက်လုပ်ငန်းကို ကျကျနနလုပ်ကိုင်တဲ့အခါ မင်းတုန်းမင်းကြီးက အလွန်ဂရုစိုက်ပြီး အမှားအယွင်း မရှိစေရအောင် အထပ်ထပ်တည်းတိုက်ရေးထွင်းထားတဲ့ ဒီ ကျောက်စာတော်မူကို မစ္စတာရစ်ပလေ က သူ့အလှည့်၊ သူ့အနေနဲ့လည်း အစွမ်းကုန် မှန်ကန်အောင် ကြိုးစားသွားခြင်း ဖြစ်ပါတယ်။ ဘယ်လောက်များ မင်းတုန်းမင်းကြီးကို လေးစားသလဲဆိုရင် ဒါ မင်းတုန်းမင်း ခေါ်တာ တောင်သူနားက သည်းမခံနိုင်ပါဘူး။ မင်းတုန်းမင်းဆိုတာ မင်းသားဘဝက စားရတဲ့ မြို့ကို အစွဲပြုပြီး ခေါ်တဲ့ အိမ်နိမ့်စံ ငယ်နံမည်ပါ။ ပဉ္စမသင်္ဂါယနာတင် ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး လို့ ခေါ်မှ မှန်ကန်တယ်လို့ သူက ပြောတတ်ပြီးတော့ သူကိုယ်တိုင်ကတော့ ဘုရင်ကြီးရဲ့ သားမြေးကျေးကျွန်တွေခေါ်သလို ဘုန်းတော်ကြီးဘုရားလို့ ခေါ်တဲ့သူပါ။ ဒါတွေဟာ ကုန်းဘောင်ခေတ်မှာ နိုင်ငံခြားသား အပါအဝင် နိုင်ငံသား ကလေးသူငယ်တွေကို ဘယ်လိုစောင့်ရှောက်တယ်။ ကျွန်တော်တို့ တိုင်းရင်းသား ကလေးတွေကို (၇)နှစ်အရွယ်မှာ ဒါ ဖိနပ်တော်ရာထူးပေးပြီး ဘယ်လိုပြုစုပျိုးထောင်တယ်။ အုပ်ချုပ်ရေး အတတ်ပညာတွေကို ဘယ်လိုသင်ကြားပေးတယ်။ ချစ်ကြောက်ရိုသေမှုရအောင် ဘယ်လို ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ ဒီ လုပ်ထုံးလုပ်နည်း (Process) တွေကို ဒါ ဦးခင်မောင်ရီ ရဲ့ ကျွန်တော်တို့ လူငယ်နဲ့ ပတ်သက်တဲ့ အဆိုမှာ တင်ပြရန် စဉ်းစားပေမယ့် အချိန်မရလို့ ယခုအလျဉ်းသင့်တဲ့အတွက် ဒါ အာမေးနီးယန်း နဲ့ ကျွန်တော်တို့ နိုင်ငံသစ်မှာ သံဆက်သွယ်တာတွေ၊ နောက်တစ်ခုကတော့ အာမေးနီးယန်း သာသနာပိုင်ချုပ် ဒါ မြန်မာပြည်ကို လာတာတွေနဲ့ ကြုံကြိုက်တဲ့အတွက် အလျဉ်းသင့်လို့ ကျွန်တော်တို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ဒီ ပိဋကတ်တော်တွေမှာ ဝိနည်း (၅)ကျမ်း ပါဠိတော်က (၁၁၁)ချပ်၊ အဘိဓမ္မာ(၇)ကျမ်း ပါဠိတော်က (၂၀၈)ချပ်၊ နိကယ်(၅)ကျမ်း၊ သုတ်(၃)ကျမ်း ပါဠိတော်က (၄၁၀) စုစုပေါင်း (၇၂၉)ချပ် ဖြစ်ပါတယ်။ ဒီမှာ နေမိကျမ်း၊ မိလိန္ဒပညာနဲ့ ပေဒကောပဒေသ ပါဠိတော်တွေကို မြန်မာအက္ခရာ စာလုံးဝိုင်းနဲ့

ရေးထားတာဖြစ်ပါတယ်။ ဒီ မဟာရံတံတိုင်းတွင်း အင်္ဂါထောင့်မှာတော့ သမိုင်းမော်ကွန်း ကျောက်စာကြီး တစ်ချပ် စိုက်ထူထားလို့ ကျောက်စာပေါင်းက (၇၃၀)ရှိပါတယ်။ ဒီ စာရင်းမှာ မပါတဲ့ ကျောက်စာ(၃)ချပ် လည်း ရှိပါသေးတယ်။ ဒါတော့ ပထမ မဟာရံတံတိုင်း တနင်္ဂနွေထောင့်မှာ မင်းတုန်းမင်းကြီး လှူခဲ့တဲ့ အလှူ တော်ငွေက ကုန်ကျငွေကို စာရင်းတင်ပြီး သင့်ငွေပေါင်း (၂၂)ကုဋေနဲ့ (၆)သန်းရှိတယ်လို့ တင်ပြတဲ့ ကျောက်စာဖြစ်ပါတယ်။ ဂူကြီးနှစ်ခုထဲမှာ ကျောက်စာ(၃)ချပ် စိုက်ထူထားပါတယ်။ ၁၂၈၃ ခုနှစ်မှာ ကြေး နီမိဖုရားကြီး တိုက်တွန်းလို့ ဝက်မစွပ်ဝန်ထောက်ရေးပြီး စိုက်ထားတာပါ။ လွန်ခဲ့တဲ့ နှစ်များစွာကတော့ ကျွန်တော် အမည်ဖော်ပြရန် မသင့်တဲ့ ထင်ရှားတဲ့သူတစ်ဦး ရေးတဲ့စာအုပ်ကို ရဖူး၊ ဖတ်ဖူးပါတယ်။ ဒီ စာအုပ်မှာ မင်းတုန်းမင်းကြီးရဲ့ အလှူငွေက ကုဋေ(၆)သန်းဆိုပြီး ဖော်ပြပါတယ်။ ဒါကြောင့် မန္တလေး ရောက်တော့ ဒီ ကွဲလွဲချက်ကို သွားပြီးတော့ ဖတ်ကြည့်တဲ့အခါမှာ ကျောက်စာရဲ့ ကျောဘက်မှာ (၂၂) ကုဋေနဲ့ (၆)သန်းဆိုတာ ရေးထားတာ အမှန်ပါ၊ ဒါပေမယ့် စာတွေက ခပ်ရေးရေး၊ ခပ်မှိန်မှိန် ဖြစ်နေပါပြီ၊ မြန်မာစာရေးထုံးအရ (၂၂)ဟာ ဂဏန်းနဲ့ ရေးထားတာဖြစ်တော့ ဒီ တုတ်ချောင်းလေး(၂)ခုဟာ သေသေ ချာချာ ကြည့်မှသာ မြင်ရပါတယ်။

ဒီ ကျောက်စာတွေကိုလည်း သီပေါမင်းလက်ထက်မှာ ရွှေရွေး တစ်ကြိမ်ချိန် (၁၂၅၄)ခု၊ (၁၂၆၆)၊ (၁၂၇၅)၊ (၁၂၈၂)၊ (၁၃၁၁-၁၃၁၅)၊ (၁၃၃၀) မှာ မင်ရေး (၆)ကြိမ် လှူဒါန်းခဲ့ပါတယ်။ ယခုအခါ မှာတော့ (၄၆)နှစ် ကြာညောင်းခဲ့သည်မို့ ဒီ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ နိပ္ဖနကထာ ကျူးရင့်စာ မှာပါတဲ့ ဝိဝဋ္ဋော၊ ကမ္ဘာကပ်ကျေ မကြေဥဒါန်း၊ စာတန်းမော်ကွန်း၊ တည်ထွန်းပကတိ၊ ပဋ္ဌမ ကပ္ပဋ္ဌိတိ၊ တည်ရှိ ထင်ရှားရစ်စေခြင်းငှာ နှစ်ဆယ့်လေးပါး၊ ပတ္တမြားအမျိုးအပါ၊ သလင်းဘော်သား၊ ကျောက်ဖျာ (၇၂၉) ထက် သေလက္ခရာ ပိဋကတ် ဓမ္မခန္ဓာကို၊ သေချာစွာ ရေးထုရိုက်သွင်း၍ ရွှေမင်ဝင်းဝင်း ထည့်သွင်းတော်မူမယ် လို့ ကမ္ဘာတည်သမျှ မပျက်မစီးတည်ရှိတဲ့ ငုံး၊ အိမ်၊ ကျူ လ၊ ကပ္ပဋ္ဌိတိ လေးပါး မကစေရဘူး။ ဒီကျောက်စာတွေကတော့ ပဋ္ဌမမြောက် ကပ္ပဋ္ဌိတိ ဖြစ်စေရမယ်လို့ မင်းတုန်းမင်းကြီးက အောက်မေ့ပြီး လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးရဲ့ ကျောက်ထက် အက္ခရာများကို ခေတ်မီနည်းစနစ်များနဲ့ ပြုပြင်မယ့် အစီအစဉ် ရှိ/မရှိနဲ့ အလှူရှင် ရှိပါက ရွှေရေး၊ မင်ရေး နဲ့ ပူဇော်လှူဒါန်းခွင့် ပြုနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ Power Point များဖြင့် တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ဒီ ခရေပင်ကြီးကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၂၁)နှစ်က ဒါ ကျွန်တော်တို့ ပုံမှာပြထားတဲ့ မိုးဗြဲစစ်ကဲကြီး ကောင်းမှု ဖြစ်ပါတယ်။ ဒီ ဘုရားဝန်းထဲမှာ ခရေပင် (၇၃)ပင်နဲ့ မယ်ဇယ်(၁၀)ပင် စိုက်ပါတယ်။ ဒီ ဝါခင်းကုန်းနဲ့ ဘုရားကြီးမှာလည်း အားလုံးပေါင်း အပင်ပေါင်း (၁၅၅)ပင်စိုက်ပျိုးပါတယ်။ ယခုအခါမှာ ခရေပင်တွေဟာ ဒါ သေတာတွေ လည်း ရှိပါတယ်။ ဒါတွေကိုလည်း ခေတ်မီနည်းစနစ်တွေနဲ့ ပြုပြင်နိုင်ရင် ကောင်းမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဒီ Pwer Point များဖြင့် တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောက်စာများ တည်ရှိရာ မြင်ကွင်းပုံ (င)




ခရပင်များ တည်ရှိသောနေရာအား ပြသထားသော မြင်ကွင်းပုံ(င-၁)



မိုးပြစစ်ကဲကြီး၏ ဓာတ်ပုံ (င-၂)




**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၆။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံးကို မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုသိုလ်တော် ဘုရားရှိ ကျောက်စာများဟာ UNESCO ရဲ့ ကမ္ဘာ့မှတ်တမ်း အမွေအနှစ် မှတ်တမ်းအစီအစဉ် Memory of the World Program သို့ တင်သွင်းခဲ့ရာမှာ ၂၀၁၃ ခုနှစ်မှာ M.O.W အဖြစ် သတ်မှတ်ခံရပြီး ဖြစ်ပါတယ်။ M.O.W ဆိုတာက Memory of the World Program ကို အတိုကောက် ခေါ်တာပါ။ အခိက

ရည်ရွယ်ချက် ကတော့ မှတ်တမ်းအမွေအနှစ် Documentary Heritage များကို ထုတ်ဝေပေးနိုင်ရန် Digitalize ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးရဲ့ ကျောက်ထက် အက္ခရာများကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်မည့် အစီအစဉ်နှင့် အလှူရှင်များ ရှိပါက ရွှေရေး၊ မင်ရေးတို့ဖြင့် ပူဇော်လှူဒါန်းခွင့် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီး ယခုအခါမှာ ထိုကျောက်စာများအား ယဥ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဩစတြေးလျ နိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များ ပူးပေါင်းပြီးတော့ အဆင့်(၃)ဆင့်နဲ့ မှတ်တမ်းတင်ခြင်း လုပ်ငန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဲဒီ အဆင့်(၃)ဆင့်ကတော့ ပထမအဆင့်မှာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာမှ ရေးသားထားတဲ့ ပဉ္စမသင်္ဂါယနာတင်ခြင်းဆိုင်ရာ သမိုင်းမှတ်တမ်း အချက်အလက်များကို လေ့လာ၍ မင်းတုန်းမင်း လက်ထက် အခြေအနေကို လေ့လာရန်။ ဒုတိယအဆင့် အနေနဲ့ ကျောက်စာချပ်များကို သန့်ရှင်းရေး ပြုလုပ်ပြီးတော့ မှင်ပြန်ထပ်ခြင်းနဲ့ အရည်အသွေးမြင့် ဒီဂျစ်တယ်ဓာတ်ပုံရိုက်ကူး၍ မြန်မာ၊ ပါဠိဘာသာများမှ ရိုမန်အက္ခရာ ဖလှယ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒီဂျစ်တယ် ဓာတ်ပုံများ အချက်အလက်စုဆောင်းခြင်းကို Data Base ဖြင့် တည်ဆောက်ရန် ထိန်းသိမ်းသွားရန် On Line မှ တစ်ဆင့် ကမ္ဘာအနှံ့သို့ တင်ပြသွားရန် ဖြစ်ပါတယ်။ တတိယအဆင့် အနေနဲ့ကတော့ အရည်အသွေးမြင့် ကျောက်စာဓာတ်ပုံများကို ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းလုပ်ဆောင်သွားမည်ဖြစ်ပြီး စာအုပ်မူပိုင်ခွင့်ဖြင့် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဆိုပါ မှတ်တမ်းတင် သုတေသနပြုခြင်းလုပ်ငန်း ပထမအဆင့်အနေနဲ့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့မှ (၂၇)ရက်နေ့အထိ မြန်မာပညာရှင်များ၊ ပြည်ပပညာရှင်များ လာရောက်ပြီးတော့ မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝန်းအတွင်းမှာ ကျောက်စာချပ်များအား မှတ်တမ်းတင် သုတေသနပြုလုပ်မည့် စီမံချက်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း သမိုင်းမှတ်တမ်း အချက်အလက်များကို လေ့လာခြင်းတို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအဆင့် အနေနဲ့တော့ ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်အပေါ် မူတည်ပြီး ဆက်လက်ပြီးတော့ မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝန်း အတွင်းရှိ ကျောက်စာချပ်များအား သန့်ရှင်းရေး ပြုလုပ်ခြင်း၊ အရည်အသွေးမြင့် ဒစ်ဂျစ်တယ်ဓာတ်ပုံရိုက်ကူးခြင်း၊ ဒစ်ဂျစ်တယ်ဓာတ်ပုံများ အချက်အလက် စုဆောင်းခြင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆက်လက်ပြီး ကျောက်စာချပ်များအား Data Base တည် ဆောက် ထိန်းသိမ်းခြင်း၊ Website တည်ဆောက်၍ One Line မှတစ်ဆင့် ကမ္ဘာအနှံ့သို့ တင်ပြသွားခြင်း၊ သင်တန်းများပေးခြင်း၊ ကျောက်စာချပ်တစ်ချပ်စီပေါ်ရှိ စေတီငယ်များအား ပြုပြင်မွမ်းမံခြင်း စသည်တို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုပါ စီမံချက်များအတွက် လိုအပ်တဲ့ ကုန်ကျစရိတ်များကို Chuo Academic Research Institute, Japan က ငွေကြေးထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ စီမံချက်ကာလက (၃)နှစ် ကြာမြင့်မှာ ဖြစ်ပါတယ်ခင်ဗျား။

မြန်မာလူမျိုးများဟာ ဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်ကြတဲ့ အလျောက် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဘုရားများ၊ ကျောင်းများကို ရတနာသုံးပါးကို ရည်ရွယ်ပြီးတော့ ကျွန်များ၊ လယ်များ လှူဒါန်းခြင်းစတဲ့ ကုသိုလ်ကောင်းမှုများကို ပြုပြီးတဲ့အခါမှာ အလှူပစ္စည်းနဲ့တကွ ဆုတောင်းစာ၊ ကျိန်စာတို့ကို ကျောက်တိုင်၊ ကျောက်ပြားပေါ်မှာ မိမိတို့ရဲ့ ကောင်းမှုများ အရှည်တည်တံ့စေရန် အတွက် ကျောက်ထက်အက္ခရာ ရေးထိုးပြီး မှတ်တမ်းတင်ခဲ့ကြပါတယ်။ ထိုကျောက်စာများဟာ မှတ်တမ်း

များပင် ဖြစ်ပါတယ်။ အချို့သော ကုသိုလ်ရှင်တို့သည် လှူဒါန်းထားတဲ့ အကြောင်းအရင်း အဖြစ်အပျက်တို့ကို ထည့်သွင်းတတ်ကြပါတယ်။ အများစုမှာ အလှူမှတ်တမ်း ကျောက်စာများ ဖြစ်ပါတယ်။ ထိုကျောက်စာများသည် ယဉ်ကျေးမှု သမိုင်းကြောင်း၊ စာပေအရေးအသားနဲ့ လူမှုဘဝတို့ကို လေ့လာရာတွင် အရေးပါတဲ့ အထောက်အထားများ ဖြစ်ပါတယ်။

အချို့နေရာဒေသများမှာတော့ ခေါင်းလောင်း၊ ကြေးစည်နဲ့ ကျောက်စာများ၏ ယဉ်ကျေးမှုတန်ဖိုးကို မသိရှိဘဲ Correction Pen၊ မီးသွေးခဲ၊ အုတ်နီခဲ စသည်တို့နဲ့ စာများရေးခြစ်ထားခြင်းများ၊ မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားအရ ရွှေသက်န်းကပ်ခြင်း၊ ရွှေဆေးမင်ရည်သုတ်လိမ်းခြင်း၊ ထုံးသုတ်ခြင်း စသည်တို့ကြောင့် စာလုံးများ မှေးမှိန်သွားခြင်း၊ ထုံးသုတ်ခြင်း၊ မှင်ဖျက်ဆေးရည်၊ ရွှေဆေးမင်ရည်တို့တွင် ပါဝင်သော ဓာတ်ပစ္စည်းများကြောင့် ယိုယွင်းခြင်းများလည်း တွေ့ရှိရပါတယ်။ အဆိုပါကျောက်စာများက မူလ တန်ဖိုးမပျက်စီးစေရန်အတွက် ထုံးသုတ်ခြင်း၊ ဆေးရောင်သုတ်ခြင်း၊ ရွှေရေးမင်ရေးများ ဆောင်ရွက်ခြင်းကို ခွင့်မပြုပါကြောင်းနဲ့ အလှူရှင်များအနေနဲ့ လှူဒါန်းလိုပါက မူလလက်ရာအတိုင်း မှင်ပြန်ထပ်ခြင်းအတွက် လှူဒါန်းနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် မိမိတို့ရဲ့ လုပ်ငန်းကျွမ်းကျင်သော ပညာရှင်၊ အသိပညာရှင်ရှိမှု၊ ငွေကြေးလုံလောက်စွာ ရှိမှု၊ ရည်ရွယ်ချက် ရေရှည်ပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်တဲ့ လုပ်ငန်းစီမံချက်ဖြင့် ဆွေးနွေးနိုင်ပါကြောင်း၊ ဖိတ်ခေါ်အပ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၉ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၉။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ဖြန့်ဝေထားတာရှိပါတယ်။ အဲဒီအစီရင်ခံစာမှာ ကျွန်တော်တို့စာပိုဒ်(၂)၊ ကျွန်တော်တို့ အဲဒီ့မှာပြင်ဆင်မယ့် အပိုဒ် ၂(ခ)၊ အဲဒီမှာ Typing Error လေးဖြစ်တယ်ဆိုပြီးတော့ ပန်ကြားလာခြင်းအပေါ် တင်ပြမှာဖြစ်ပါတယ်။ (ခ)ကတော့ ကျွန်တော်တို့ ဥပစာ တစ်ခုခုပိုင်ဆိုင်သူ၊ အငှားနေထိုင်သူ၊ အငှားချထားခံရသူ၊ လက်ရှိနေထိုင်သူ(သို့မဟုတ်)ထိန်းသိမ်းရသူဖြစ်၍ အဆိုပါ အဲဒီမှာကျွန်တော်တို့ ဥပဒေပေါ်တွင်လို့ ရေးထားပါတယ်။ အဲဒီအစားကို ဥပစာပေါ်တွင် လို့ ပြန်လည်ပြင်ဆင်ပေးဖို့လို့ ပန်ကြားလာပါတယ်။ Typing Error ဖြစ်သွားတယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါလေးကို ဥပဒေအစား ဥပစာဆိုပြီးတော့ ပြင်ဆင်ပေးဖို့လို့ ပန်ကြားလာခြင်းကို တင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင်စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးမောင်အေးထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ၏ တာဝန်ပေးချက်အရ ကျွန်တော်မှ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို လေးစားစွာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ မတင်သွင်းမီ အစီရင်ခံစာ ပထမ စာမျက်နှာ အပိုဒ်(၂)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ခ) အပိုဒ် ရဲ့ ဒုတိယအပိုဒ်မှာ ဥပဒေအပေါ်တွင်လည်းကောင်း ဆိုသည့်စကားအစား ဥပစာပေါ်တွင် လည်းကောင်း ဆိုသည့်စကားအဖြစ် ပြင်ဆင်ဖတ်ကြား တင်သွင်း ခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ၁၉၅၄ ခုနှစ်၊
နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၂၂
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်

၁။ ပြည်သူ့လွှတ်တော်က ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၁-၂၀၁၅ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်ဆဲဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ်(၂)ကို ပယ်ဖျက်သင့်ကြောင်းနှင့် အပိုဒ်(၃)ကို အပိုဒ်(၂)အဖြစ်ပြောင်းလဲအမှတ်စဉ်၍ ခေတ်စနစ်နှင့် ညီညွတ်မှုရှိစေရန် အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ပါကြောင်း တွေ့ရှိရပါသည်။ (၂)၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်း အမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေ ပုဒ်မ (၇)ကို အောက်ပါအတိုင်း အစားထိုးရမည်။ ပုဒ်မ(၇) မည်သူ မဆို ပုဒ်မခွဲ(က) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖြစ်စေ၊ ဤအက်ဥပဒေ အရပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ စီရင်ပြသလျှင် သို့မဟုတ် အပိုဒ်ခွဲ(ခ) ဥပစာ တစ်ခုခုပိုင်ဆိုင်သူ၊ အငှားနေထိုင်သူ၊ အငှားချထားခံရသူ၊ လက်ရှိနေထိုင်သူ (သို့မဟုတ်) ထိန်းသိမ်း ရသူဖြစ်၍ အဆိုပါ ဥပစာပေါ်တွင် လည်းကောင်း၊ အဆိုပါ ဥပစာမှသော် လည်းကောင်း နိုင်ငံတော် အထိမ်းအမှတ်ကို ဤအက်ဥပဒေအရ ပြုသည့်အမိန့်တစ်ရပ်ရပ်နှင့် ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသခြင်းကို သိလျက်နှင့်ခွင့်ပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် တစ်သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖြစ်ပါတယ်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အားလုံးလေးစားအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၁-၂၀၁၅ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်း ရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း မှ လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် အက်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေဟာ မြန်မာနိုင်ငံမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီး ကာလအတွင်း

ဖြစ်ပေါ်ခဲ့သော အချိန်ကာလနှင့်အညီ အခြေအနေအရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ခေတ်နှင့် လျော်ညီမှုမရှိတော့သဖြင့် အသုံးပြုရန် မလိုအပ်တော့ကြောင်း တွေ့ရှိရပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးကာလအတွင်း ပြဋ္ဌာန်းခဲ့တဲ့ အဆိုပါ အက်ဥပဒေမှာ သတ်မှတ်ထားသော လယ်ယာထွက်ကုန် ဈေးကွက်များကို သတ်မှတ်ခွင့်ပြုထားသော ဧရိယာအတွင်း၌သာ ဝယ်ယူရောင်းချရမည် ဟူ၍လည်းကောင်း၊ ဝယ်ယူရောင်းချခြင်းကို ဈေးကွက်ကော်မတီတစ်ရပ် ကသာ ကြီးကြပ်စီမံနိုင်ကြောင်းကို လည်းကောင်း၊ အဆိုပါ အက်ဥပဒေမှာ ဖော်ပြပါရှိတဲ့အတွက် ယနေ့ခေတ်ကာလနှင့် လျော်ညီခြင်း မရှိတော့တဲ့အတွက် လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်း အတည်ပြုရန် အမျိုးသားလွှတ်တော်ကို အဆိုတင်သွင်းခြင်းကို ကျွန်တော် ဦးထွန်းဇော် က ထောက်ခံပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည် ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။(ဩဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ အထက်မြန်မာနိုင်ငံတွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က အထက်မြန်မာနိုင်ငံတွင် အားကစားသိပ္ပံ

ကျောင်း ဖွင့်လှစ်ပေးနိုင်ရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခက်ထိန်နန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၆။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝတရား ရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အထက်မြန်မာနိုင်ငံတွင် အားကစားသိပ္ပံကျောင်းဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဒါမှမဟုတ် လူတစ်ဦးချင်းစီရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိတ်ဓာတ်ခိုင်မာရေး၊ နိုင်ငံ့ဂုဏ်သိက္ခာနဲ့ နိုင်ငံတော်ကို ကာကွယ်ရေးတို့မှာ ကိုယ်ခန္ဓာကျန်းမာပြီး စိတ်ဓာတ်ကြံ့ခိုင်ရေးဟာ အခြေခံအကျဆုံးဖြစ်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကလေး၊ လူငယ်လူရွယ်၊ လူလတ်၊ အသက်အရွယ် အပိုင်းအခြားများဟာ နိုင်ငံ့လူဦးရေရဲ့ (၅၀)ရာခိုင်နှုန်း ကျော်ရှိနေခြင်းကို တွေ့ရှိရတဲ့အတွက် နိုင်ငံမှာ အများဆုံးဖြစ်နေတဲ့ ဒီအသက်အရွယ် အပိုင်းအခြားတွေရဲ့ ကျန်းမာကြံ့ခိုင်ရေးဟာ ကျွန်တော်တို့နိုင်ငံရဲ့ ရေရှည်အရေးကြီးတဲ့ နိုင်ငံ့အရေးအရာ ဖြစ်နေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်နဲ့ အားကစားဝန်ကြီးဌာနမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ အားကစား အဆင့်မြင့်တင်ရေးအတွက် အစွမ်းကုန် အရှိန်အဟုန်မြင့် ကြိုးစားဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ နိုင်ငံရဲ့စွမ်းဆောင်ရည် အပြည့်အဝဖြင့် (၂၇)ကြိမ်မြောက် (ဆီးဂိမ်း) အားကစားပွဲတော်ကြီးကို ထူးချွန်အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့တာဟာ ကျွန်တော်တို့ အားလုံးအတွက် အင်မတန်မှ ဂုဏ်ယူစရာ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အားကစားကဏ္ဍမှာ သမိုင်းမော်ကွန်း တင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီ ဆီးဂိမ်းအားကစားပြိုင်ပွဲမှာ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံအလိုက် ဒုတိယရရှိခဲ့တာဖြစ်ပါတယ်။ ဒီအစဉ်အလာ အရှိန်အဝါကို ဆက်လက် ထိန်းသိမ်းပြီး ပို၍အောင်မြင်နိုင်ရန်အတွက် ဆက်လက်ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်ရေးအတွက် ရည်ရွယ်ပြီး ရန်ကုန်မှာ အားကစားသိပ္ပံကျောင်းတစ်ကျောင်း၊ မန္တလေးမှာ အားကစား သိပ္ပံကျောင်းတစ်ကျောင်း၊ တောင်ကြီးမှာ အားကစားသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပြီး ကျန်းမာကြံ့ခိုင်သော အားကစားသမားကောင်းများကို ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ ရေရှည်မှာ အားကစားသမားများနဲ့ အားကစားလောက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံပညာရေးကျောင်းများ၊ ကောလိပ်၊

တက္ကသိုလ်များမှာလည်း အားကစားကို အားပေးပြီး အားကစားကွင်းများကိုလည်း နိုင်ငံတော်နဲ့ အားကစား ဝန်ကြီးဌာနမှ တတ်နိုင်သမျှ ပြန်လည်တည်ဆောက် အားပေးလျက်ရှိတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် အပါအဝင်ဖြစ်တဲ့ အထက်မြန်မာနိုင်ငံ ပိုင်းမှနေပြီး မြန်မာနိုင်ငံသမိုင်းမှာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ များစွာ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာ့အိုလံပစ်ပွဲတော်ဖြစ်တဲ့ မြူးနစ်အိုလံပစ်၊ တိုကျိုအိုလံပစ် အားကစားပွဲတော်ကို ဦးရှင်ဘွေဂမ်၊ ဦးမိတုံနော် တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အာရှအဆင့်မှာလည်းဘဲ ဦးတင်အောင်နီ အာရှချန်ပီယံ၊ ဦးဝင်းမောင် မာဒေးဂါး ချန်ပီယံ၊ ဦးဟံသိန်း အာရှချန်ပီယံ၊ ဦးတင်အောင် အာရှ ရွှေတံဆိပ်၊ ဦးစိုးမိုးကျော် အာရှချန်ပီယံ၊ ဦးအောင်လှိုင်ဝင်း အာရှကျွန်းစွယ် ချန်ပီယံ၊ ဦးထိန်ဝင်း အာရှကျွန်းစွယ် ချန်ပီယံ၊ ဦးအုန်းရွှေ အာရှ ချန်ပီယံ၊ သန်းသန်း အာရှ ချန်ပီယံ၊ ဒေါ်ခင်ထွေး၊ ဒေါ်ဂရေစီဂါး၊ ဒေါ်ခင်ငွေး၊ ဦးအားဖူ၊ ဒေါ်ဘေဘီ၊ ဒေါ်နွေးနွေး စသည်ဖြင့် နိုင်ငံ့ ဂုဏ်ဆောင်အားကစားသမားများ တစ်ရာနီးပါးဟာ ကချင်ပြည်နယ်မှ ပေါ်ထွက်ခဲ့ပါတယ်။ ရေခံ၊ မြေခံ ကောင်းမွန်ပြီး အစဥ်အလာရှိခဲ့သောကြောင့် ယခုလည်း စဥ်ဆက်မပြတ် ဆက်လက်ပြီး ထွက်ပေါ်လာနိုင်ရန် ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ယုံကြည်အားကိုးစွာဖြင့် တင်ပြလိုတာက မြန်မာနိုင်ငံအထက် ပိုင်းအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ အားကစားသိပ္ပံကျောင်းဖွင့်လှစ်နိုင်ရန် ဖြစ်ပါတယ်။ အဲဒီလို ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်း စသည်ဖြင့် မြန်မာနိုင်ငံ အားကစားလောက ဟန်ချက်ညီညီဖြင့် ရည်ရွယ်ချက်များ စဥ်ဆက်မပြတ်ပို၍ အောင်မြင်လာမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပို၍ထွက်ပေါ်လာမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံအထက်ပိုင်း၊ ကချင်ပြည်နယ်မှာ မူးယစ်ဆေးဝါးအန္တရာယ် ကြီးမားလာမှုကိုလည်း ရင်ဆိုင်နေရတဲ့အချိန် ဖြစ်ပါတယ်။ အထက်မြန်မာ နိုင်ငံရဲ့ ကချင်ပြည်နယ်ရှိ ကလေး၊ လူငယ်လူရွယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ ကောလိပ်၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၊ လူလတ်များအတွက် မူးယစ်ဆေးဝါးဟာ ကြီးမားတဲ့ အန္တရာယ် ဖြစ်နေပါတယ်။ အားကစားဖြင့် ကျန်းမာတဲ့ ခန္ဓာကိုယ်၊ ကြံ့ခိုင်တဲ့ စိတ်ဓာတ်တို့ကို တည်ဆောက်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ရှားကျော်ဖြတ်နိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယခင်က အထက်မြန်မာနိုင်ငံမှ ကချင်ပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ များစွာ ပေါ်ထွက်ခဲ့သော်လည်းပဲ ယခုနောက်ပိုင်းကာလမှာ ပေါ်ထွက်လာမှု လျော့နည်းလာတာကို တွေ့ရှိရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ်မှ နိုင်ငံ့ ဂုဏ်ဆောင် အားကစားသမားများ ယခင်ကလို ဆက်လက်ပေါ်ထွက်လာနိုင်ရန်နဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကို ရှောင်ရှားကျော်ဖြတ်ပြီး ကျန်းမာကြံ့ခိုင်တဲ့ အားကစားသမားများ ပေါ်ထွက်လာနိုင်ရန် အတွက် အားကစားသိပ္ပံကို အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်ပေးနိုင်ရန် အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အထက်မြန်မာနိုင်ငံ၊ အောက်မြန်မာနိုင်ငံဆိုတဲ့ အသုံးအနှုန်းက မရှိတော့ဘူး။ အဲဒီတော့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်ပေါ့ အဆိုမှာ ဟုတ်တယ်မို့လား။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]